မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၈ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၇၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်တွေသာမက ပြောင်းလဲလာတဲ့ စစ်နည်းဗျူဟာတွေကိုပါ မပြတ်ဆည်းပူးလေ့လာပြီး မိမိတို့ရဲ့ အခြေအနေနဲ့ ကိုက်ညီအောင် အသုံးချနိုင်ရမယ်။ အနာဂတ်မြန်မာ့တပ်မတော် အင်အားတောင့်တင်းဖို့၊ စွမ်းရည်ထက်မြက်ဖို့၊ ခေတ်မီဖို့ဆိုတာ ရဲဘော်တို့လို မျိုးဆက်သစ် အတတ်ပညာရှင်၊ အသိပညာရှင်တွေရဲ့ မျိုးချစ်စိတ်ဓာတ်၊ စွမ်းရည်နဲ့ ကြိုးစားအားထုတ်မှုအပေါ်မှာ မူတည်နေတယ်။

အချိန်နာရီနဲ့အမျှ ပြောင်းလဲနေတဲ့ စစ်ဘက်သိပ္ပံပညာရပ်တွေကို မျက်ခြည်မပြတ်လေ့လာ ခေတ်မီတပ်မတော်ကို အသိပညာ၊ အတတ်ပညာတွေနဲ့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်

ဒေသခံ တိုင်းရင်းသားများကို ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာလာအောင် စည်းရုံး ငြိမ်းချမ်းရေးအနှစ်သာရအဖြစ် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အရှိန်အဟုန်နဲ့လုပ်ဆောင်

နေပြည်တော် ဒီဇင်ဘာ ၁၇

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

ဒီကနေ့ဟာ ဒို့တပ်မတော်ရဲ့ အင်ဂျင်နီယာကဏ္ဍအတွက် ခွန်အားသစ်လောင်းမယ့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းတဲ့နေ့ပဲဖြစ်တယ်။ တပ်မတော်မှာ အင်ဂျင်နီယာအရာရှိငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ကို မှာကြားစရာရှိတာတွေ အလေးအနက်မှာကြားလိုတယ်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ●



18-12 (01).pmd 1 12/18/2009, 1:20 PM

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်)

ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေး ယာဉ်နှင့်လမ်းစည်းကမ်း အစဉ်သတိပြုလိုက်နာဆောင်ရွက်

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ စည်းကမ်းလိုက်နာကျင့်ကြံခြင်းဖြင့် ဘေးအန္တရာယ်ကို တားဆီးကာကွယ်နိုင်သည်။ အောင်မြင်တိုးတက်မှုကို ဖြစ်ထွန်းစေသည်။ စည်းကမ်းနှင့်အညီ နေထိုင်ခြင်းမှသည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံ၌ ယာဉ်သုံးစွဲမှု များပြားလာလျက်ရှိသည်။ သို့ဖြစ်ရာ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သတိရှိရှိ လိုက်နာကြရန်လိုအပ်သည်။

ယာဉ်တိုက်မှုများဖြစ်ပွားရခြင်းကို လေ့လာကြည့်လျှင် ယာဉ်မောင်းများက ယာဉ်ကို မဆင်မခြင်မောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ အရက်သေစာသောက်စားပြီး မဆင်မခြင်မောင်းနှင်ခြင်း၊ ခရီးသည်များ၊ လမ်းကူးသူများ၏ ပေါ့ဆခြင်းနှင့် စက်ကိရိယာများ ချွတ်ယွင်းခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတစ်ဝန်းတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့ရေးအတွက် ရှစ်လမ်းသွား၊ ခြောက်လမ်းသွား လမ်းမကြီးများအပါအဝင် လမ်းမကြီးနှင့် လမ်းငယ်အသွယ်သွယ်ကို ဖောက်လုပ်ပေးလျက်ရှိရာ ယာဉ်မောင်းများက လမ်းများပေါ်တွင် ညွှန်ပြထားသော မိုင်နှုန်းများ၊ သင်္ကေတများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာမောင်းနှင်ပါက လိုရာခရီးသို့ လုံခြုံဘေးကင်းစွာဖြင့် ရောက်ရှိနိုင်မည်ဖြစ်သည်။

ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ခြင်း၊ ယာဉ်ကြောမှားယွင်းစွာမောင်းနှင်ခြင်း၊ ယာဉ်လမ်းကြောပိတ်ဆို့ရပ်တန့်ခြင်းများကို ယာဉ်မောင်းသူများက သတိပြုရှောင်ကြဉ်ကြရမည်ဖြစ်သကဲ့သို့ မိမိယာဉ်၏လိုအပ်ချက်များ၊ ချွတ်ယွင်းချက်များကို ကြိုတင်ပြုပြင် ပြင်ဆင်ထားကြရမည်ဖြစ်သည်။

ယာဉ်မတော်တဆထိခိုက်မှုများ လျော့နည်းကျဆင်းရန် နည်းလမ်းများချမှတ်ဆောင်ရွက်ရာ၌ ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် သင်တန်းများပို့ချခြင်း၊ ဟောပြောပွဲများကျင်းပခြင်းနှင့် ပြပွဲပြိုင်ပွဲများကျင်းပ၍ ပညာပေးစည်းရုံးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ ယာဉ်မတော်တဆမှုများပပျောက်၍ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ယာဉ်မောင်းသူများအားလုံးက ယာဉ်စည်းကမ်းများကို တိကျစွာလိုက်နာကြရမည်ဖြစ်သကဲ့သို့ ခရီးသွားပြည်သူများအပိုင်းကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လေးစားလိုက်နာကာ တာဝန်သိသိ ပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + အဋ္ဌာနာဋ္ဌိယသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **စကားပြင်ပါ** တရားတော် (ဆရာတော် ဘဒ္ဒန္တဝေပုလ္လဓောတိ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ Science Tech Today
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၃၀)
၈:၃၀ Sports World
၈:၅၅ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ စွမ်းအင်ချွေတာကြပါစို့
၉:၀၅ Activities in the City (ကြာငါးခိုင်သင်္ကန်းတိုက်၏ ဗုဒ္ဓဂယာကံထူးရှင်ရွေးချယ်ပွဲ)
၉:၁၅ သန့်ရှင်းစင်ကြယ်ခြင်းတို့ ဖြစ်တည်ရာ Shine မှာ…
၉:၃၀ Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၀:၂၅ အေးချမ်းသာလ…ဝါဋ္ဌကြ
၁၀:၅၀ ရေထဲကငွေ
၁၀:၅၅ ဖက်ရှင်လမ်းညွှန် (Casual Fashion)
၁၁:၂၀ A day With Aye Nen Lin (အေးနန်းလင်းနှင့်တစ်နေ့တာ)
၁၁:၄၀ **ဝါသီးကရွှေသီးဖြစ်ပြီ** ဖြိုးငွေစိုး၊ ကောင်းခန့်၊ ပပဝင်းခင်၊ ခိုင်ငြိမ်းငြိမ်းစံ [ဒါရိုက်တာ-ဒေါက်တာတင်အောင်ရွှေ(သုတေသီ)]
၁၂:၁၀ VJ Choice
၁၂:၄၀ မအီချောင်းတံတား
၁၂:၄၅ သန့်ရှင်းစင်ကြယ်ခြင်းတို့ ဖြစ်တည်ရာ Shine မှာ…
၁:၀၀ **စကားပြင်ပါ** တရားတော် (ဆရာတော် ဘဒ္ဒန္တဝေပုလ္လဓောတိ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ World of Knowledge (Dangerous Encounter)
၃:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄:၁၀ ဖန်တီးသူ၏ ပညာစွမ်းမှသည်… လုပသောဘဝများဆီသို့
၄:၄၀ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ စွမ်းအင်ချွေတာကြပါစို့
၅:၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (အကယ်ဒမီဇာတ်ညွှန်းငြိမ်းမင်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ အများမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၂)
၆:၅၅ ၂၅ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ
၇:၂၅ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ VJ Choice
၉:၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (အကယ်ဒမီဇာတ်ညွှန်းငြိမ်းမင်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၃၀)
၁၀:၀၀ ဟိုတယ်လမ်းညွှန် (Bay of Bengal Resort, Ngwe Saung)
၁၀:၃၅ ဖက်ရှင်လမ်းညွှန်(Casual Fashion)
၁၁:၀၀ လှပသစ်ဆန်းဖန်စီဖိနပ်လုပ်ငန်း
၁၁:၁၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၃၀ သဘာဝကပေးသော လက်ဆောင်များ
၁၁:၃၅ ဟူးကောင်းချို့ပုံမှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁၁:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၈-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အိုင်စီတီသုတ
၄:၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ အကြောင်း (အာဖရိကတောတွင်း ရိုက်ကူးမှု အတွေ့အကြုံ မှတ်တမ်းများ)(အပိုင်း-၂)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ **တစ်လတာ အလွဲများ** မေတ္တာ၊ ပေါ်လေး
၆:၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ စိုက်ပျိုးသုတ
၂၂။ ရှင်သန်နေသောသီချင်းများ (Living Songs) တေးရေး-ဟဲလေး တစ်နေ့ရာစာ (အပိုင်း-၁)
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၂)

ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်ပွဲ လပွတ္တာ၌ကျင်းပ

လပွတ္တာ ဒီဇင်ဘာ ၁၇

ပြည်သူများ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ လပွတ္တာမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော ဒီဇင်ဘာလ လူထုလှုပ်ရှားအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ရက် နံနက် ၅နာရီက လပွတ္တာမြို့နယ် နေသူရိန်အားကစားကွင်းရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

စုပေါင်းလမ်းလျှောက်

ထို့နောက် လပွတ္တာမြို့နယ် နေသူရိန် အားကစားကွင်းရှေ့မှ ဘုရားလမ်း၊ ၄င်းမှ မြို့နယ်စိုက်ပျိုးရေးစခန်း(၂)မိုင်အထိ စုပေါင်းလမ်းလျှောက်ကြရာ ဒေသခံပြည်သူ ၂၀၀၀ကျော် ပါဝင်ဆင်နွှဲကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၉ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထက(၃)ခန်းမ၌ကျင်းပသည်။

ဟောပြော

ဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ အထက(၃)မှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲအုပ်ဌေးဝင်းက မူးယစ်ဆေးဝါးဥပဒေကို လူသားတိုင်းလိုက်နာရခြင်းနှင့် မူးယစ်ဆေးဝါး ဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောသည်။ **(ယာပုံ)**

ထို့နောက် ရန်ကုန်တိုင်း မူးယစ်(အထူး) အရှေ့အဖွဲ့မှ ရဲအုပ်မြင့်သိန်းက ကျောင်းသားလူငယ်များသည် အိမ်သုံးချောင်းဆိုးပျောက်ဆေးများကို မူးယစ်ဆေးဝါးအသွင်ဖြင့် အလွဲသုံးစွဲခြင်းကြောင့် အသက်ဆုံးရှုံးမှုများဖြစ်ပွားခဲ့ရကြောင်း ရှောင်ကြဉ်ရန်များနှင့် ဥပဒေအရ အရေးယူခြင်းများကို ပရိုဂျက်တာနှင့်တကွ အသိပေးဟောပြောကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အသုတ်မြို့ အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၇

အသုတ်မြို့အထကမှ အသက်(၆၀) ပြည့် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို အသုတ်မြို့ အထက၌ ဒီဇင်ဘာ ၂၅ရက်တွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပြီး အလှူငွေများကို ဦးတင်ရွှေ(ပန်) ဖုန်း- ၀၄၆-၅၀၀၆၀၊ ဦးဝင်းသိန်း ဖုန်း-၀၄၆-၅၀၀၈၈၊ ဦးဇော်မြင့် ဖုန်း-၀၄၆-၅၀၁၃၃၊ ဒေါက်တာအောင်မြတ်စိုး ဖုန်း-၀၉-၅၁၆၃၆၀၉၊ ဒေါက်တာအောင်သူ ဖုန်း-၀၉-၅၀၁၁၆၂၅၊ ၀၉-၈၅၅၃၄၄၂ နှင့် ဒေါ်ဥမ္မာရီ ဖုန်း-၀၉-၅၁၄၀၂၅၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အကောင်းဆုံးအင်ဂျင်နီယာဗိုလ်လောင်းဆု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အကောင်းဆုံးအင်ဂျင်နီယာဗိုလ်လောင်းဆုရ ဗိုလ်လောင်း မျိုးသူအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လေ့ကျင့်ရေးထူးချွန်ဆု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေ့ကျင့်ရေးထူးချွန်ဆုရ ဗိုလ်လောင်းဝဏ္ဏမိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာပေထူးချွန်ဆု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်ဆုရ ဗိုလ်လောင်း မျိုးမင်းမောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဆင့်၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ် (ကြည်း၊ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးမောင်ရှိန်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဦးအောင်သောင်း၊ ဗိုလ်ချုပ်စိုးနိုင်၊ ဦးသောင်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်မှူးကြီး ဇော်မင်း၊ ဗိုလ်မှူးချုပ် သိန်းဇော်၊ ဒေါက်တာကျော်မြင့်၊ ဒေါက်တာချမ်းငြိမ်းနှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဇော်ဝင်း၊ ဗိုလ်ချုပ်သိုးထိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းဌေး၊ ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်ချုပ်ကျော်ညွန့်၊ ဗိုလ်မှူးချုပ်သန်းစိုး၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်မှူးကြီးလှမြင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်၊ ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇေယျာအောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ချီတက်အလေးပြု

ယင်းနောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြုကြသည်။

ဆုများချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)မှ အကောင်းဆုံးအင်ဂျင်နီယာဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ်(၃၆၉၅) ဗိုလ်လောင်းမျိုးသူအောင်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ်(၃၇၆၅) ဗိုလ်လောင်းဝဏ္ဏမိုးနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ်(၃၆၉၂) ဗိုလ်လောင်း မျိုးမင်းမောင်တို့အား ဆုများအသီးသီးချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများကို မိန့်ခွန်းပြောကြားသည်။

အလေးပြုခြင်းကိုခံယူ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

မိဘများအားတွေ့ဆုံ

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးကိုအား သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဂုဏ်ပြုချီးမြှင့်စကားပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားစဉ်။ (သတင်းစဉ်)

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်၌ နှင်းရုပ်တုပွဲတော်အတွက် ပြင်ဆင်နေသည်ကို ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အာရှအလယ်ပိုင်းနှင့် တရုတ်နိုင်ငံအကြား ဆက်သွယ်ထားသည့် ကာဇက်ဓာတ်ငွေ့ပိုက်လိုင်း တရုတ်သမ္မတ ဖွင့်လှစ်ပေး

ပေကျင်း ဒီဇင်ဘာ ၁၇

အာရှတိုက်အလယ်ပိုင်းနှင့် တရုတ်နိုင်ငံသို့ ဆက်သွယ်ထားရာ အဓိကရေနံပိုက်လိုင်းမှ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကာဇက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို တရုတ်သမ္မတ ဟူကျင်ထောင်းက ဒီဇင်ဘာ ၁၃ရက်တွင် ဖွင့်လှစ်ပေးလိုက်ကြောင်း ဆင်ဟွာသတင်းဌာန က ထုတ်ပြန်ကြေညာသည်။

ဓာတ်ငွေ့ပိုက်လိုင်းမှာ တစ်ခ်မင် နစ္စတန်နှင့် ဥဇဘတ်ကစ္စတန်နယ်စပ်မှ စတင်ကာ ဥဇဘတ်ကစ္စတန်နှင့် ကာဇက် စတန်နိုင်ငံတို့ကို ဖြတ်ကျော်၍ တရုတ် နိုင်ငံအနောက်မြောက်ပိုင်း ကျိုကျင်းပြည် နယ်အထိ ဆက်သွယ်ထားကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဝမ်ဂေါင်ရာက သတင်းထောက်များအား ဒီဇင်ဘာ ၁၄ရက်တွင် ပြောကြားသည်။

ခန့်မှန်း

ယင်းဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက် မှုစီမံကိန်းကို ၂၀၀၈ခုနှစ် ဇူလိုင်လတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရေနံပိုက် လိုင်းနှစ်ခုအနက် တစ်ခုမှာ ယခုနှစ် ဒီဇင်ဘာလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ဓာတ်ငွေ့ပိုက်လိုင်းအစအဆုံး တည်ဆောက် မှုစီမံကိန်းမှာ ၂၀၁၃ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း ဝမ်ကထပ်လောင်း ပြောကြားသည်။

စီမံကိန်းအတွက် ကုန်ကျငွေအမေရိ ကန်ဒေါ်လာ ဖိဒသမဂ္ဂဘီလီယံကို တရုတ် နိုင်ငံပိုင် တရုတ်ဖွံ့ဖြိုးရေးဘဏ်မှ ကျခံ သုံးစွဲမည်ဖြစ်ကာ စီမံကိန်းပြီးစီးပါက တရုတ်နိုင်ငံသို့ တစ်နှစ်လျှင် ဓာတ်ငွေ့ ကုဗပေ ၁ဒသမ၀ထရီလီယံကို ပို့လွှတ် ပေးနိုင်မည်ဖြစ်ကြောင်း ယင်းသတင်း၌ ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သိပ္ပံနှင့်နည်းပညာ မြင့်မားရေး မလေးရှားအစိုးရ ကြိုးပမ်းမည်

ကွာလာလမ်ပူ ဒီဇင်ဘာ ၁၇

မလေးရှားနိုင်ငံ၌ သိပ္ပံပညာရပ်ဆိုင်ရာ စွမ်းရည်မြင့်မားသူများ ရှားပါးမှုပြဿနာကို မည်သို့ပင် ကိုင်တွယ်ဖြေရှင်းရသည်ဖြစ်စေ မလေးရှားအစိုးရက ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျစ် ရာဇတ်က ပြောကြားသည်။

ပိုမိုလိုအပ်

မလေးရှားနိုင်ငံအနေဖြင့် သိပ္ပံနှင့် နည်းပညာလောကတွင် သိပ္ပံပညာရှင်များ၊ သုတေသနပညာရှင်များ၊ တီထွင်ရှေ့ဆောင် သူများ ပိုမိုလိုအပ်ကြောင်း ဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ပြောကြားသည်။

ဖော်ပြ

တက္ကသိုလ်သုတေသနလုပ်ငန်းများ အတွက် ငွေကြေးထောက်ပံ့ပေးမည်ဖြစ် ကြောင်း နာဂျစ်၏ ထုတ်ဖော်ပြောကြားချက် ကို ကိုးကား၍ ဒေသဆိုင်ရာ နယူးစထရိတ် တိုင်းမ်သတင်းစာက ဖော်ပြသည်။

(အင်တာနက်)

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရုပ်ရှင်ပွဲတော် မက္ကဆီကိုနိုင်ငံ၌ ကျင်းပမည်

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁၇

ရှေ့နှစ်မတ်လတွင်ကျင်းပမည့် ဒုတိယအကြိမ်မြောက် နိုင်ငံတကာ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကို မက္ကဆီကိုနိုင်ငံတောင်ပိုင်းရှိ ကူရာနာဗာကာမြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၆ရက်၌ မက္ကဆီကိုနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ထိန်းသိမ်းစောင့်ရှောက်

အဆိုပါပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တိုက်ဖျက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို နှိုးဆော်ရန် ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ ***(အင်တာနက်)***

မီးလောင်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ လူနေရပ်ကွက်တစ်ခု၌ မီးလောင်မှုဖြစ်ပွားနေသည်ကို ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နီပေါစိုက်ပျိုးရေးတက္ကသိုလ် လာမည့်ဘဏ္ဍာရေးနှစ်၌ တည်ထောင်မည်

ခတ္တမန္ဒူ ဒီဇင်ဘာ ၁၇

နီပေါနိုင်ငံ၌ စိုက်ပျိုးရေးပညာထွန်းကားရေးအတွက် တွန်းအားပေးသည့် အနေဖြင့် ယခုဘဏ္ဍာရေးနှစ်အစပိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ်ကို တည်ထောင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း နီပေါဝန်ကြီး ချုပ် မက်ဟက်ကူးမားနီပေါက ပြောကြား သည်ဟု အင်တာနက်သတင်း၌ ဒီဇင်ဘာ ၁၆ ရက်က ဖော်ပြသည်။

ဆွေးနွေး

ခတ္တမန္ဒူမြို့တွင် ကျင်းပသည့် စီးပွား ဖြစ်စိုက်ပျိုးရေးအတွက် သဘာဝမြေသြဇာ သုံး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး ဆိုင်ရာ အမျိုးသားအလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ နီပေါဝန်ကြီးချုပ်က ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အားသန်နေ

လယ်ယာစိုက်ပျိုးရေးနှင့် တောင်သူ လယ်သမားများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက် ရေးသည် စိုက်ပျိုးရေးကဏ္ဍတွင် သိပ္ပံ နည်းကျမြေယာပြုပြင်ရေး၊ မြေယာမျှတစွာ ခွဲဝေရေးနှင့် စီးပွားဖြစ်နည်းလမ်းများဖြင့် ဆောင်ရွက်သွားမှသာ ရနိုင်ကြောင်း၊ နီပေါအစိုးရသည် သဘာဝမြေသြဇာသုံး စိုက်ပျိုးရေးကိုဆောင်ရွက်သွားရန် အားသန် နေကြောင်း ဆက်လက်ပြောကြားသည်။

(အင်တာနက်)

ယီမင်နိုင်ငံ အနောက်မြောက်ပိုင်း လေကြောင်းတိုက်ခိုက်မှု၌ အမေရိကန်တို့ တိုက်လေယာဉ်များပါဝင်

ဆာဒါး ဒီဇင်ဘာ ၁၇

ယီမင်နိုင်ငံအနောက်မြောက်ပိုင်း ဆာဒါးပြည်နယ်အတွင်း လေကြောင်းတိုက်ခိုက်မှုများတွင် အမေရိကန်ဂျက် တိုက်လေယာဉ်များ ပါဝင်တိုက်ခိုက်ခဲ့ရာ ဟော်သီလက်နက်ကိုင်သူပုန် ၁၂၀ ထက်မနည်း သေဆုံးပြီး ၄၄ဦး ဒဏ်ရာ ရရှိကြသည်ဟု သိရသည်။

ကျူးလွန်ခဲ့

အမေရိကန်လေတပ်သည် ယီမင်နိုင်ငံမြောက်ပိုင်းတွင် လူနေထူထပ်သည့်နေရာများ၊ ဈေးများ၊ ဒုက္ခသည်စခန်းများ နှင့်ကျေးရွာများကို ဆော်ဒီအာရေဗျစစ်လေယာဉ်များနှင့်အတူ လေကြောင်းမှတိုက်ခိုက်ရာ၌ အရပ်သား အမြောက် အမြား အစုလိုက်အပြုံလိုက် သေကျေပျက်စီးသည်အထိ ကျူးလွန်ခဲ့သည်ဟု မြောက်ယီမင်အခြေစိုက် ဟော်သီရှီးယား လက်နက်ကိုင်ခုခံရေးသမားများက ပြောကြားသည်။

စွန့်ခွာ

အမေရိကန်လေတပ်ကကျူးလွန်ခဲ့သည့် အဆိုပါတိုက်ခိုက်မှုသည် ကြမ်းကြုတ်သောပြစ်မှုကို အမေရိကန်တို့ ကျူးလွန်သည်ကိုပြသနေကြောင်း၊ ယင်းအပြုအမူသည် အမေရိကန်တို့ကြွေးကြော်နေသည့် လူ့အခွင့်အရေးကာကွယ်ရေး၊ ပြည်သူတို့လွတ်လပ်မှုတိုးမြှင့်ရရှိရေးနှင့် ဒီမိုကရေစီအရေးတို့ကို ချေဖျက်လိုက်ခြင်းပင်ဖြစ်ကြောင်း ၄င်းတို့က ပြောကြား သည်။ ၂၀၀၄ ခုနှစ်နောက်ပိုင်း ဆာဒါးပြည်နယ်မှ အိုးအိမ်စွန့်ခွာခဲ့ရသူပေါင်း ၁၇၅၀၀၀ ရှိသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့ ဗုံးပေါက်ကွဲမှုများ ပြည်ပနိုင်ငံအချို့ ပါဝင်ပတ်သက်ဟုဆို

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ မကြာ သေးမီက ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု များသည် ပြည်ပနိုင်ငံအချို့နှင့် ဆက်နွှယ် ပတ်သက်လျက်ရှိကြောင်း အီရတ်ဝန်ကြီး ချုပ် နိုရီအယ်လ်မာလီကီက ဒီဇင်ဘာ ၁၆ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ရည်ရွယ်

ယင်းသို့ ဗုံးခွဲတိုက်ခိုက်မှုများသည် ရင်းနှီးမြှုပ်နှံမှုများကိုတားဆီးရန်နှင့် အီရတ်၌ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားကုမ္ပဏီများ ကြောက်ရွံ့အောင် ခြောက်လှန့်ရန်ရည်ရွယ် ခြင်းဖြစ်သည်ဟု အီရတ်ဝန်ကြီးချုပ်က ပြောကြားသည်။ **(အင်တာနက်)**

လမ်းဘေးဗုံးပေါက်ကွဲမှုများ အီရတ်၌ဆက်တိုက်ဖြစ်ပွား

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၇

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်နှင့် ဘဂ္ဂဒက်မြို့တို့၌ ဒီဇင်ဘာ ၁၃ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ သီးခြားစီဖြစ်ပွားခဲ့ရာ အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အရပ်သားကိုးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖောက်ခွဲ

အီရန်နယ်စပ်မြို့အနီး ဒီယာလာ ပြည်နယ် မန်ဒီလီမြို့ရှိ လမ်းဆုံ၌ လုံခြုံရေး ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များအား လမ်းဘေးဗုံးထောင် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာ ရရှိသွားသည်။

ဘာကူဘာမြို့အနီးရှိ မစ်ဒါဒီရာမြို့၌ ကားတစ်စီး လမ်းဘေးဗုံးထိမှန်သဖြင့် အရပ်သားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွား သည်။ ဒီယာလာပြည်နယ်အတွင်း အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေး အရ စစ်ဆင်မှုများပြုလုပ်ခဲ့ရာ အကြမ်းဖက် သမားလေးဦးအားဖမ်းဆီးနိုင်ခဲ့ပြီး လမ်း ဘေးဗုံးတစ်လုံးကိုလည်း စနက်တံဖြုတ် ကာ ရှင်းလင်းနိုင်ခဲ့သည်။

ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့၌လည်း သီးခြားစီ လမ်း ဘေးဗုံးပေါက်ကွဲမှုနှစ်ရပ်ဖြစ်ပွားရာ ငါးဦး ဒဏ်ရာရရှိသွားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အရှေ့တောင်ဘက်ရှိ ဂေါင်ဂျူမြို့အနီး၌ ဘတ်စ်ကားတစ်စီး လမ်းချော်တိမ်းမှောက် ခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းဆောင် ရွက်လျက်ရှိသည်ကို ဒီဇင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အမေရိကန်နိုင်ငံသားတစ်ဦး ကျူးဘားနိုင်ငံက ဖမ်းဆီးအရေးယူ

ဟာဗားနား ဒီဇင်ဘာ ၁၇

အစိုးရနှင့် သဘောထားကွဲလွဲသည့် ကျူးဘားအတိုက်အခံများထံ ဆဲလ်ဖုန်းများ၊ လက်ပ်တော့များနှင့် အခြားဆက်သွယ်ရေး ကိရိယာများ ဖြန့်ဖြူးမှုဖြင့် အမေရိကန် နိုင်ငံသားတစ်ဦးကို ကျူးဘားနိုင်ငံက ဖမ်းဆီးလိုက်သည်ဟု သိရသည်။

အတိမ်းအစောင်းမခံ

အဆိုပါဖြစ်ရပ်သည် အတိမ်းအစောင်း မခံသည့် အမေရိကန်-ကျူးဘားဆက်ဆံ ရေးတွင် ကသိကအောက် ဖြစ်စေနိုင် ကြောင်း၊ သို့ရာတွင် ရေရှည်ထိခိုက်မှုမဖြစ် စေသင့်ကြောင်းဖြင့် အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမည်မဖော်လိုသူ အမေရိကန်နိုင်ငံ သားတစ်ဦးအား ဒီဇင်ဘာ ၅ရက်က ဖမ်းဆီးလိုက်ခြင်းကို အတည်ပြုရင်း အမေ ရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းကဲ့ သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြောကြား

ထို့အပြင် ယင်းဖြစ်ရပ်ကြောင့် ကျူးဘားနိုင်ငံနှင့် ဆက်ဆံရေးတိုးတက် ကောင်းမွန်ရန် လုပ်ဆောင်နေသည့် သမ္မတ အိုဘားမား၏ခြေလှမ်းသည် ဘေးသို့သွေဖည် သွားမည်မဟုတ်ကြောင်းဖြင့် အကဲခတ် သမားများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ရွှေကျင်မြို့နယ်၌ ဆင်နွှဲ

ရွှေကျင် ဒီဇင်ဘာ ၁၇

ပဲခူးခရိုင် ရွှေကျင်မြို့နယ်၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၅ နာရီခွဲက ညဈေးလွတ်လပ်ရေးကျောက်တိုင်ရှေ့မှ စစ်တောင်းတံတား (ရွှေကျင်-မဒေါက်)အထိ စုပေါင်းလမ်းလျှောက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများနှင့် ရွှေကျင်အထကမှ ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲကြသည်။ (အောက်ပုံ)(မြို့နယ် ပြန်/ဆက်)



သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင် အဖွင့်အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၉ ခုနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသည့် အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်ရန်နှင့် အသင်းဝင်အသက်(၇၅)နှစ်ပြည့်ပြီးသူ သက်ကြီးများအား ကန်တော့ရန် အစီအစဉ်များရှိသဖြင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘထွန်း(ငြိမ်း) ဖုန်း-၅၆၃၅၀၅၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်အေး(ငြိမ်း) ဖုန်း-၀၉-၅၂၀၁၇၈၈၊ အတွင်းရေးမှူး ဦးကျော်လင်း ဖုန်း-၂၁၁၅၇၂၊ တွဲဖက်အတွင်းရေးမှူးများဖြစ်သော ဦးသန်းဌေးအုန်း ဖုန်း-၅၆၃၀၄၄၊ ဦးအောင်ကျော်ဇံ ဖုန်း-၀၉-၅၁၃၈၅၁၃၊ ဦးတင်ထွန်း ဖုန်း-၃၈၀၈၃၆၊ ဒေါ်ခင်ခင်ဖြူ ဖုန်း- ၅၄၃၄၁၅၊ ဒေါ်ခင်လှမြိုင် ဖုန်း-၀၉-၅၀၃၉၂၅၅ နှင့် အမှုဆောင်များထံသို့ ဒီဇင်ဘာ ၂၅ရက် နောက်ဆုံးထား ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (မြို့နယ်အသင်း)

ကွင်းကောက် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၇

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ကွင်းကောက် အထက ကျောင်းသား ကျောင်းသူဟောင်းများ၏(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၄ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွင်းကောက် အထက၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသက် ၆၀ ပြည့်ပြီးသော ဆရာကြီး ဆရာမကြီးများနှင့် စာသင်နှစ်အားလုံးမှ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ရန်ကုန်မြို့ ဦးလှမြင့် ဖုန်း-၀၉-၅၁-၁၅၄၅၄၊ ဦးအေးကို ဖုန်း-၅၇၈၇၇၂၊ ဦးသန့်ညွန့် ဖုန်း-၇၂၆၉၉၁နှင့် ကွင်းကောက်မြို့ ဦးသန်းဌေး ဖုန်း-၀၉-၈၅၈၀၂၆၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ဒီဇင်ဘာ ၁၄ ရက်က တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း ဒလမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းအမှတ်စဉ်(၅/၂၀၀၉) ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ဒလမြို့နယ်မီးသတ်စခန်းသို့ရောက်ရှိပြီး မီးသတ်ယာဉ်/စက်များ၏ ကြံ့ခိုင်မှု၊ စခန်းသန့်ရှင်းသာယာလှပရေးနှင့် ဆောက်လုပ်ဆဲ အဆောက်အအုံများကို စစ်ဆေးခဲ့သည်။ (မီးသတ်ဦးစီးဌာန)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၈ လမ်းနေ ကျေးဇူးရှင်ဖခင် ဒုတိယဗိုလ်မှူးကြီးလှမောင်အား ရည်စူး၍ မိခင် ဒေါ်ဥဥခင်၏(၇၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် ဆင်ဖြူကျွန်းမီးသတ်ရုံးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သရုပ်ပြလေ့ကျင့်

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလေ့ကျင့်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသက်အောင်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

တောင်ကိုရီးယားသမ္မတ ရာသီဥတုဆိုင်ရာ ညီလာခံသို့တက်ရောက်မည်

တောင်ကိုရီးယားနိုင်ငံသမ္မတ အီမြောင်ဘတ်သည် ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ထိပ်သီးညီလာခံသို့ တက်ရောက်ရန် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့သို့ ဒီဇင်ဘာ ၁၇ရက်နံနက်ပိုင်းက ထွက်ခွာသွားပြီဖြစ်သည်။

မလေးရှား လူဝင်မှုကြီးကြပ်ရေးစနစ် စင်ကာပူဧည့်သည်များ နှစ်သက်

မလေးရှားနိုင်ငံသို့ မကြာခဏသွားရောက် လည်ပတ်လေ့ရှိသည့် စင်ကာပူဧည့်သည်များသည် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် အလိုအလျောက်ရှင်းလင်းရေးစနစ်(အမ်အေစီအက်စ်)ကို နှစ်သက်သဘောကျကြောင်း သိရသည်။

ဘရာဇီးသံမဏိထုတ်လုပ်မှု မြင့်တက်

ဘရာဇီးနိုင်ငံ၏ သံမဏိအရိုင်းတုံးထုတ်လုပ်မှုသည် နိုဝင်ဘာလတွင် တန်ချိန် ၂၁သန်း ၆သိန်းအထိ ရှိလာသည်။ ထိုသံမဏိအရိုင်းတုံး ထုတ်လုပ်မှုသည် ၂၀၀၈ခုနှစ် နိုဝင်ဘာလကထက် ၁၅ဒသမ ၁ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဘရာဇီးသံမဏိထုတ်လုပ်ရေးအဖွဲ့က ဒီဇင်ဘာ ၁၇ရက်၌ သတင်းထုတ်ပြန်သည်။

တူးဖော်ရရှိထားသည့် ရွှေတန်ချိန် ၁၆၃၀၀၀ ရှိနေ

ကမ္ဘာတစ်ဝန်းလုံးတွင် ယခုအချိန်အထိ ရွှေတန်ချိန်စုစုပေါင်း ၁၆၃၀၀၀တန်ကို တူးဖော်ရရှိထားကြောင်း ကမ္ဘာ့ရွှေကောင်စီ(ဒဗလျူဂျီစီ)က ဒီဇင်ဘာ ၁၇ရက်၌ သတင်းထုတ်ပြန်သည်။

ဟူဘယ် အာကာသကြည့်မှန်ပြောင်း အာကာသရှိ အဝေးဆုံးအရာကိုမြင်နိုင်

အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ)၏ ဟူဘယ် အာကာသကြည့်မှန်ပြောင်းသည် ကြီပါခါးပတ်(ကြီပါဘဲလ်တ်)ဒေသတွင် မြင်နိုင်သော အလင်းရောင်၌ အဝေးဆုံးအရာဝတ္ထုကို တွေ့ရှိထားပြီးဖြစ်ကြောင်း၊ အဆိုပါ ကြီပါခါးပတ်သည် နက်ပကျွန်းဂြိုဟ် အနောက်ဘက်တွင်ကပ်၍ရှိသော နေစကြဝဠာအနားဝင်းအပြင်ဘက်၌ လှည့်ပတ်နေသည့် ရေခဲအကျိုးအပဲ့များ ဝန်းရံလျက်ရှိသည့် ခါးပတ်ကွင်းဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ဖာရိုးခေတ်နံ့ရုံဆေးရေးပန်းချီ ပြင်သစ်ထံမှ အီဂျစ်ရရှိ

အီဂျစ်နိုင်ငံသည် ပြင်သစ်နိုင်ငံမှ ဖာရိုးခေတ် နံ့ရုံဆေးရေးပန်းချီကားငါးကားကို လက်ခံရရှိကြောင်း အီဂျစ်ရှေးဟောင်းပစ္စည်းများကောင်စီ အတွင်းရေးမှူးချုပ် ဇာဟီဟာဝပ်က သတင်းတစ်ရပ်တွင် ထုတ်ပြန်ဖော်ပြထားသည်။

ဘိန်းဖြူ ၅၃ကီလိုဂရမ် ဘူလ်ဂေးရီးယားရဲ သိမ်းဆည်း

ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့သည် ဘူလ်ဂေးရီးယား-တူရကီနယ်စပ် ရထားတစ်စင်းပေါ်၌ ဘိန်းဖြူ ၅၃ ကီလိုဂရမ်ကျော်ကို သိမ်းဆည်းနိုင်ခဲ့သည်ဟု အာဏာပိုင်များက ဒီဇင်ဘာ ၁၇ရက်တွင် ဖော်ပြသည်။ ရထားပေါ်တွင် ပိုလန်နိုင်ငံသားတစ်ဦးကိုလည်း ဖမ်းဆီးလိုက်သည်။

ဆေးခြောက်သုံးတန်ကျော် ကိုလံဘီယာ၌သိမ်းဆည်း

ကိုလံဘီယာရဲတပ်ဖွဲ့သည် ကိုလံဘီယာနိုင်ငံအနောက်တောင်ပိုင်းရှိ ကော်ကာပိုင်နက်ဒေသ၌ ဆေးခြောက်သုံးတန်ကျော် သိမ်းဆည်းနိုင်ခဲ့ကြောင်း အဆိုပါရဲအရာရှိများက ဒီဇင်ဘာ ၁၆ရက်၌ ပြောကြားသည်။ ဆေးခြောက်များကို အိတ် ၆၃အိတ်ဖြင့် ထည့်ထားကြောင်း၊ အလေးချိန်အားဖြင့် စုစုပေါင်း ၃ ဒသမ ၁၃၃ ကီလိုဂရမ်ရှိကြောင်း သိရသည်။

ကနေဒါ၌ ရဟတ်ယာဉ်ပျက်ကျ၊ နှစ်ဦးဒဏ်ရာရ

ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့၌ ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့ အသုံးပြုလာသည့် ရဟတ်ယာဉ်တစ်စင်း ဒီဇင်ဘာ ၁၆ရက်က ပျက်ကျရာ နှစ်ဦးဒဏ်ရာရရှိသွားကြောင်း ကနေဒါနိုင်ငံမြို့တော် အော့တဝါသို့ ရောက်ရှိလာသည့် သတင်းများအရ သိရသည်။ (အောက်ပုံ) (အင်တာနက်)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် ဒီဇင်ဘာ၁၀ရက်မှ ၁၁ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပခဲ့သော (၁၅)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပို့ဆောင်ရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဖွင့်လှစ်ပေး

(၁၅)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၀ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့ Sherantaon Hanoi Hotel ၌ ကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr.Nguyen Tan Dung တက်ရောက်၍ အမှာစကား ပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ဆွေးနွေး

အစည်းအဝေးတွင် ပို့ဆောင်ရေးကဏ္ဍ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ သဘာဝ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်ဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများသည် ဒေသတွင်း လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုများ ဖြေလျှော့ရေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား ကတိကဝတ်များဖြင့် ပိုမိုနက်ရှိုင်း ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် Protocol to Implement the Sixth Package of Commitments on Air transport under the ASEAN Framework Agreement on Services ကိုလည်းကောင်း၊ အာဆီယံပို့ဆောင်ရေး အဆင့်မြင့် အရာရှိကြီးများက Memorandum of Understanding on Cooperation Relating to Marine Casualty and Marine Incident Safety Investigations ကို ဝန်ကြီးများ၏ ရှေ့မှောက်တွင်လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးခဲ့ကြသည်။

အတည်ပြု

ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးက အာဆီယံ ပို့ဆောင်ရေးလမ်းကြောင်း အသွယ်သွယ်၏ လုံခြုံစိတ်ချရမှုကို ဆောင်ရွက်သွားရေးဆိုင်ရာ Terms of Reference for the Multi-Sector Road Safety Special Working Group ကို လည်းကောင်း၊ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ပို့ဆောင်ရေး ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ Implementation Work Program for the Strategic Plan for ASEAN-China Transport Cooperation မူကြမ်းကိုလည်းကောင်း၊ အာဆီယံနှင့် ဂျပန်နိုင်ငံတို့၏ ASEAN-Japan Action Plan on Environment Improvement in the Transport Sector နှင့် Work Plan for 2009-2010 မူကြမ်းကို လည်းကောင်း၊ အာဆီယံနှင့် ကိုရီးယား သမ္မတနိုင်ငံတို့၏ ပို့ဆောင်ရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ Framework of Transport Cooperation between Transport Authorities of the Association of the South East Asian Nations and the ministry of Land, Transport and Maritime Affairs of the Republic of Korea မူကြမ်းကိုလည်းကောင်း အသီးသီးအတည်ပြုခဲ့ကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သဘောတူညီပြီးဖြစ်သည့် Framework Agreement on the Facilitation of interstate Transport သဘောတူညီချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် ဝန်ကြီးသည် တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သဘောတူညီချက်ဖြစ်သည့် Rules on Dues and Fees for Commercial Vessels Navigating on the Lancang-Mekong River ကို ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် တစ်ဆက်တည်း ကြိုတင်ကျင်းပခဲ့သော (၂၈)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့သည်။

ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၂ရက်တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ (၁၅)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံ-တရုတ်နိုင်ငံ ပို့ဆောင်ရေး ဝန်ကြီးများအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-ဂျပန်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ-ကိုရီးယားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။ (ပို့ဆောင်ရေး)

စစ်တွေမြို့နယ် အဝေးသင်တက္ကသိုလ် စေတနာသင်တန်း သက်ကြီးစေတနာ ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

အဝေးသင်တက္ကသိုလ် စေတနာသင်တန်း ပြင်ပဝိဇ္ဇာ/စာပေးစာယူ/ အဝေးသင် တက္ကသိုလ် ကျောင်းသားကျောင်းသူများသည် မိမိတို့အား အခကြေးငွေ လုံးဝမယူဘဲ ဖြူစင်သော မေတ္တာစေတနာ သန့်သန့်ဖြင့် တက္ကသိုလ်ပညာရပ်များကို သင်ကြားပို့ချခဲ့သော သက်ကြီး ဆရာ ဆရာမများအား ဒီဇင်ဘာ ၂၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သင်တန်းတည်ရှိရာ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း အိုးတန်းရပ်ကွက်တွင် သက်ကြီးစေတနာ ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

သင်တန်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေထည့်ဝင်လိုပါက ကိုဆန်းထွန်း (မင်းဘာကြီးလမ်းနှင့် ရွာကြီးလမ်းထောင့်) ဘောက်သီးစုရပ်ကွက် စစ်တွေမြို့ ဖုန်း- ၀၉-၈၅-၀၀၅၁၄၊ ၀၄-၃၂၂၅၅၆၊ ကိုသက်နိုင် အမှတ် (၇) ထီးတန်းလမ်း အိုးတန်း ရပ်ကွက် စစ်တွေမြို့ ဖုန်း-၀၉-၈၅-၀၂၁၈၁၊ ၀၉-၅၆-၈၀၄၆၉၊ ကိုသာမြင့် (လျှပ်စစ်ပစ္စည်းအရောင်းဆိုင်) အမှတ်-၁ ရဲစခန်းအနီး မော်လိပ်ရပ်ကွက် စစ်တွေမြို့ ဖုန်း-၀၉-၈၅-၀၀၇၈၃၊ အဝေးသင် တက္ကသိုလ် စေတနာသင်တန်း အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်း အိုးတန်း ရပ်ကွက် စစ်တွေမြို့တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မုန်တိုင်းငယ် အားပျော့ပျက်ပြယ်

နေပြည်တော် ဒီဇင်ဘာ ၁၇

ယမန်နေ့ ည ၁၁ နာရီခွဲ တိုင်းထွာ ချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်း ရပ်ဝန်းသည် အားပျော့ ပျက်ပြယ်သွားပြီ ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ကိုယ်ကာယ ကျန်းမာကြံ့ခိုင်မှုကြောင့် ဉာဏ်ရည် ဉာဏ်သွေး ပိုမိုမြင့်မား

လူငယ်များတွင် ကိုယ်ကာယကျန်းမာကြံ့ခိုင်မှုသည် ဦးနှောက်အလုပ်လုပ်မှု ပိုကောင်းခြင်း၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ခြင်းတို့နှင့် ဆက်စပ်နီးနွယ်ကြောင်း နောက်ဆုံးလေ့လာချက်တွင် တွေ့ရှိရသည်ဆို၏။

လက္ခဏာရှိ

အသက် ၁၅ နှစ်နှင့် ၁၈နှစ်အကြား ကိုယ်ကာယဖွံ့ဖြိုးတိုးတက် ကြံ့ခိုင်မှုကြောင့် လူငယ်လူရွယ်များမှာ အိုင်ကျူပိုမြင့်သည်။

ထိုသို့သော အိုင်ကျူမြင့်သည့်သူများသည် အထက်တန်းပညာရေးတွင် ထူးချွန်သကဲ့သို့ အဆင့်မြင့်ရာထူးများကို ပိုမိုရရှိသည့် လက္ခဏာရှိကြောင်းတွေ့ရသည်။

ယုံကြည်

ကိုယ်ကာယကျန်းမာကြံ့ခိုင်မှုနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုတို့ ဆက်စပ်နေခြင်းအပေါ် မျိုးဗီဇထက် ပတ်ဝန်းကျင် အကြောင်းတရားများက ဩဇာပိုမိုသက်ရောက်သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်သည်။ ။

အီတလီနိုင်ငံအစိုးရက ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဆေးရုံသုံးကိရိယာပစ္စည်းများနှင့် သူနာတင်ယာဉ်တစ်စီး ဗိုဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၇

အီတလီနိုင်ငံအစိုးရက Support the Vulnerable Population Myanmar Aid 8976 အစီအစဉ်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် ရန်ကုန်မြို့ရှိ ဗိုဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၁၉၅၀၇၆ တန်ဖိုးရှိ ဆေးရုံသုံးကိရိယာပစ္စည်း ၂၂ မျိုးနှင့် သူနာတင်ယာဉ်တစ်စီး လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါ ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Giuseppe Cinti နှင့် သံရုံးအဖွဲ့ဝင်များ၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က နှုတ်ခွန်းဆက်စကားနှင့် လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အီတလီနိုင်ငံသံအမတ်ကြီးက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆေးရုံသုံးပစ္စည်း ၂၂ မျိုး၊ သူနာတင်ယာဉ်တစ်စီးတို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ **(အောက်ပုံ)** ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံ၍ ဂုဏ်ပြုလွှာနှင့် သစ်သီးခြင်းကို လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ဖာပွန်မြို့၌ KNU အကြမ်းဖက်သောင်းကျန်းသူများက ချိန်ကိုက်မိုင်းထောင်ဖောက်ခွဲ ခုနစ်ဦး သေဆုံး၊ ၁၁ဦးဒဏ်ရာရရှိ မိုင်းထောင်သူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဖော်ထုတ်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၇

ကရင်ပြည်နယ် ဖာပွန်မြို့ အမှတ် (၂)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း ရှေ့ရှိ ကွင်းပြင်၌ ဖာပွန်မြို့ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးစီးကျင်းပသည့် ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ကျင်းပပြုလုပ်ခဲ့သည့် ဈေးဆိုင်တန်းတွင် ဒီဇင်ဘာ ၁၆ရက် ညပိုင်းက ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် အပြစ်မဲ့အရပ်သား ခုနစ်ဦးသေဆုံးပြီး အမျိုးသား ၁၀ဦး၊ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဒီဇင်ဘာ ၁၆ရက် ည၉နာရီ ၁၀မိနစ်ခန့်တွင် ဖာပွန်မြို့ ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကျင်းပသည့် ကွင်းပြင်ရှိ စားသောက်ဆိုင်ခန်းများ၊ အဝတ်အထည်များနှင့် ကလေးကစားစရာပစ္စည်းများ ရောင်းချသည့် ယာယီဈေးဆိုင်တန်း၌ ချိန်ကိုက်စနစ်ဖြင့် ဆက်စပ်ဖောက်ခွဲသည့် ရှေ့ထွက်မိုင်း တစ်လုံးပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ဈေးဆိုင်တန်းသို့ ရောက်ရှိနေသော ဦးစိုင်းသက်နိုင်(၅၁)နှစ်၊ ဦးအောင်ဇော်အေး (၁၆)နှစ်၊ ဦးခင်မောင်ထွေး (၃၂)နှစ်၊ ဦးဝင်းချို (၃၁)နှစ်၊ ဦးစန်းဝင်း အသက်(၄၀)၊ မောင်ငြိမ်း (၂၆) နှစ်နှင့် အမည်စိစစ်ဆဲ အသက် (၅၀)ခန့်ရှိ ကရင်တိုင်းရင်းသားတစ်ဦးတို့ သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ ၁၁ဦးရှိပြီး ၎င်းတို့အား ဖာပွန်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကာ ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

KNU အကြမ်းဖက်သောင်းကျန်းသူ

ပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးချက်များအရ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ အနက် တစ်လက်မ၊ အချင်း ကိုးလက်မခန့်ရှိ မြေကျင်းတစ်ကျင်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ဈေးဆိုင်တန်း ဝါးလုံးများ၌ အချင်း ငါးမီလီမီတာခန့်ရှိ သံမဏိဘောစေ့များကို တွေ့ရှိရကြောင်း၊ မိုင်းထောင်သူအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း၊ အဆိုပါ မိုင်းထောင်ခဲ့သူမှာ ဖာပွန်နှင့် နယ်စပ်ဒေသအကြား ခိုအောင်းလှုပ်ရှားလျက်ရှိသည့် **KNU**အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဖြစ်ကြောင်း သိရှိရသည်။

နှိုးဆော်ထား

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် မြို့၊ ရွာ၊ လမ်း၊ တံတား၊ လူစည်ကားရာ ပျော်ပွဲရွှင်ပွဲနေရာများတို့တွင် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် မိုင်းထောင်ဖောက်ခွဲမှုများ ပြုလုပ်လေ့ရှိသဖြင့် ပြည်သူများအနေဖြင့် အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ်ရာတွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလောင်းတော်ကဿပရာသီလမ်း ဖွင့်ပွဲအခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်၊ စက်ခလုတ်နှိပ်ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၁၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဒီဇင်ဘာ ၇ရက်က စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပြို့နယ် ကပိုင်ကျေးရွာ၌ ကျင်းပသော အလောင်းတော်ကဿပရာသီလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ အစီအစဉ်အရ တာဝန်ရှိသူတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အထိမ်းအမှတ်မှတ်ကျောက်တိုင်ဦးအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

ရောဝတီတံတား(ပခုက္ကူ) ပန္နက်တင် တွင်းတော်ဝင်းမင်္ဂလာ

ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၅ရက် နံနက် ၈နာရီတွင် အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရောဝတီတံတား(ပခုက္ကူ) လက်ပံခြေပေါ်ဘက်ကမ်းသို့ ရောက်ရှိပြီး မင်္ဂလာအချိန်တွင် တိုင်အမှတ် RP-2 ဘိုးပိုင်တည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တင် တွင်းတော်ဝင်း မင်္ဂလာအခမ်းအနားနှင့် ပခုက္ကူဘက်ကမ်းရှိ တိုင်အမှတ် RP-31 ဘိုးပိုင်တည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တင် တွင်းတော်ဝင်း မင်္ဂလာအခမ်းအနားကို ဘိုးပိုင်တူးစက်အား စတင်မောင်းနှင်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် မကွေး မြို့နယ် ဒေါင်းနေရွာအနီး၌ တံတား ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)က တာဝန်ယူ တည်ဆောက်လျက်ရှိသော ဒေါင်းနေချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာ မှူးကြီးက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်ထက် စောစွာပြီးစီးရေးမှာကြားသည်။

အဆိုပါ တံတားသည် အရှည် ၁၇၈၅ ပေ ရှည်လျား၍ အကျယ် ၈၅ပေ၊ အခန်း ၂၁ ခန်းနှင့် တံတားအကျယ် ၂၈ပေရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ရှိမည်ဖြစ်ပြီး ရန်ကုန် - ပြည် - မကွေး - ရေနံချောင်း -မိတ္ထီလာ-မန္တလေး-ပြည်ထောင်စုလမ်းမပေါ်ရှိ ဒေါင်းနေချောင်းကို ကူးလူးဆက်သွယ်ပေးမည့် တံတားကြီးဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မကွေး မြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင် ကျေးရွာအနီး မိကျောင်းရဲ ပဋ္ဌာနဂိုရ်လမ်း၌ အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့ (၅)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရောဝတီတံတား(မလွန်) စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်း တာဝန်ခံ အင်ဂျင်နီယာမှူးကြီးက ရှင်းလင်း တင်ပြပြီး တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း စက်ယန္တရားများ ဆောင်ရွက်နေမှု အခြေအနေနှင့် ရွေးချယ်သတ်မှတ်ထားသည့် တံတားအူကြောင်းနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ် တစ်ခု

ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ် လေးခု ထပ်မံဆွတ်ခူး

ရန်ကုန် ဒီဇင်ဘာ ၁၇

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဆက်လက်ကျင်းပနေသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ၈၁-၉၀ကီလိုတန်း ဂျူဒိုပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ဇင်လင်းအောင်သည် ပထမရွှေတံဆိပ်ဆုကို လည်းကောင်း၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၌ နိုင်နိုင်ဝင်း၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၌ ကေခိုင်လွင်၊ ၆၅ကီလိုတန်း ဝူရှူး (ဆန်းဆို)ပြိုင်ပွဲ၌ တင်လင်းအောင်၊ ၆၃-၇၀ကီလိုတန်း ဂျူဒိုပြိုင်ပွဲ၌ သန္တာဝင်းနှင့် ကီလို ၆၀ လိုက်ဝိတ်တန်း လက်ရှေ့ပြိုင်ပွဲ၌ ပြည့်ဖြိုးဟိန်းတို့သည် ငွေတံဆိပ်ဆုများကိုလည်းကောင်း၊ ၅၇-၆၃ကီလိုတန်း ဂျူဒိုပြိုင်ပွဲ၌ အေးအေးအောင်၊ ၇၈ကီလိုတန်း ဂျူဒိုပြိုင်ပွဲ၌ ခင်မျိုးသူ၊ အမျိုးသားအသင်းလိုက် ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသမီး ဘောလုံးပြိုင်ပွဲတို့၌ မြန်မာ့လက်ရွေးစင် အသင်းများက ကြေးတံဆိပ်ဆုများကို လည်းကောင်း အသီးသီးဆွတ်ခူးရရှိပြီး စုစုပေါင်း ရွှေတံဆိပ်ဆု တစ်ခု၊ ငွေတံဆိပ်ဆု ငါးခုနှင့် ကြေးတံဆိပ်ဆု လေးခုတို့ကို ထပ်မံဆွတ်ခူးရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသား ၈၁-၉၀ ကီလိုတန်း ဂျူဒိုပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသည့်မြန်မာ့လက်ရွေးစင်အားကစားသမား ဇင်လင်းအောင်။ (အား/ကာ)

အမျိုးသား ၆၅ ကီလိုတန်း ဝူရှူး (ဆန်းဆို)ပြိုင်ပွဲ၌ ငွေတံဆိပ် ဆုရရှိသည့် မြန်မာ့လက်ရွေးစင်အားကစားသမား တင်လင်းအောင်။ (အား/ကာ)

အမျိုးသား ကီလို ၆၀ လိုက်ဝိတ်တန်း လက်ရှေ့ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသည့် မြန်မာ့လက်ရွေးစင် အားကစားသမား ပြည့်ဖြိုးဟိန်း။ (အား/ကာ)

မန္တလေး စက်မှုလက်မှုသိပ္ပံ

ရွှေရတုနှစ်ပတ်လည် အထိမ်းအမှတ် ဆွမ်းကပ်မည်

မန္တလေး ဒီဇင်ဘာ ၁၇ (ဖက်စ်)

မန္တလေး စက်မှုလက်မှုသိပ္ပံ (M. G. T.I)ကျောင်းသား ကျောင်းသူများ၏ ရွှေရတုနှစ်ပတ်လည်အထိမ်းအမှတ် ရာသက်ပန် ဆွမ်းပဒေသာပင် ပထမအကြိမ် ငွေကျပ် ၁၀ သိန်း၊ ယခုဒုတိယအကြိမ် ငွေကျပ်ငါးသိန်း စုစုပေါင်း ရာသက်ပန်ဆွမ်းပဒေသာပင် ငွေကျပ် ၁၅သိန်း စိုက်ထူလှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မန္တလေးမြို့ ဖိုးလမ်း၊ ၃၁×၃၂လမ်းကြားရှိ မဟာဝိဇိတာရုံကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (၁၆၂)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ထိုင်း	၈၄	၈၀	၉၅	၂၅၉
ဗီယက်နမ်	၈၁	၇၁	၅၇	၂၀၉
အင်ဒိုနီးရှား	၄၃	၅၃	၇၃	၁၆၉
မလေးရှား	၄၀	၄၀	၅၉	၁၃၉
ဖိလစ်ပိုင်	၃၇	၃၄	၄၇	၁၁၈
စင်ကာပူ	၃၃	၃၀	၃၄	၉၇
လာအို	၃၂	၂၅	၄၉	၁၀၆
မြန်မာ	၁၀	၂၂	၃၇	၆၉
ကမ္ဘောဒီးယား	၃	၁၀	၂၅	၃၈
ဘရူနိုင်း	၁	၁	၈	၁၀
တီမောလက်စတေ	၀	၀	၃	၃

ပရီမီယာလိဂ်သတင်း

ချယ်လ်ဆီးတို့ ပယ်နယ်တီဖြင့် သုံးမှတ်ရ မန်စီးတီးတို့ စပါးကို သုံးဂိုးပြတ်ရှုံးနိမ့်

လန်ဒန် ဒီဇင်ဘာ ၁၇

ပရီမီယာလိဂ်ပွဲစဉ်(၁၇) လက်ကျန်ပွဲများကို ဒီဇင်ဘာ ၁၇ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးက အိမ်ကွင်း၌ ပို့စ်မောက်ကို အနိုင်ယူပြီး အမှတ်ပေးဇယားတွင် သုံးမှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ချေပဂိုးသွင်းယူ

ချယ်လ်ဆီးတို့ ပွဲစပြီး မိနစ် ၂၀အတွင်း ပို့စ်မောက်ကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ဘောလက်၊ အနယ်လ်ကာနှင့် လမ်းပတ်တို့ ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့ကြသည်။ တိုက်စစ်မှူး အနယ်လ်ကာက ပွဲချိန် ၂၃မိနစ်တွင် ချယ်လ်ဆီးအတွက် အဖွင့်ဂိုး သွင်းယူခဲ့သည်။ ပို့စ်မောက်ကစားသမား ပီကိန်းက ပွဲချိန် ၅၁မိနစ်တွင် ချေပဂိုးသွင်းယူပြီး ချယ်လ်ဆီးအား ခြိမ်းခြောက်ကစားခဲ့သည်။

စပါးအသင်းအတွက် တတိယအနိုင်ဂိုးကို ခရမ်ကာက မန်စီးတီးဘက်သို့ ဤသို့ သွင်းယူခဲ့သည်။

အနိုင်ပွဲရလိုက်

ချယ်လ်ဆီးတို့ ကံကောင်းထောက်မစွာပင် ပွဲပြီးရန် ၁၀မိနစ်အလိုတွင် ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီမှာ ဝီလ်ဆင်က အီဗာနိုဗစ်အား ပို့စ်မောက် ဂိုးဧရိယာအတွင်း ကြမ်းတမ်းစွာကစားခဲ့၍ ကွင်းလယ်ဒိုင်လူကြီးက ပယ်နယ်တီအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပယ်နယ်တီကို ကွင်းလယ်ကစားသမား လမ်းပတ်က သွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးတို့ အနိုင်ပွဲရလိုက်ခြင်းဖြစ်သည်။

စပါးနိုင်

ပြီးခဲ့သော ပွဲစဉ် (၁၆)က ဝူလ်ဗာဟမ်တန်ကို အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့သော စပါးတို့ မန်စီးတီးအား သုံးဂိုးပြတ်နိုင်ပြီး ထိပ်သီးလေးသင်းနေရာ ပြန်လည်ရောက်ရှိရေး လမ်းကြောင်းပေါ်သို့ ပြန်လည်ချဉ်းကပ်နိုင်ခဲ့သည်။

စပါးအတွက် အဖွင့်ဂိုးကို ခရမ်ကာက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၅၄မိနစ်တွင် ဒီဖိုးက စပါးအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးမှာ စပါးအတွက် ယခုနှစ် ပရီမီယာလိဂ်အတွင်း ၎င်း၏ ၁၄ဂိုးမြောက်ဂိုးဖြစ်သည်။ ပွဲသိမ်းလေလွင့်ချိန်တွင် ခရမ်ကာကပင် စပါးအတွက် တတိယမြောက် အနိုင်ဂိုးသွင်းယူခဲ့သည်။

လီဗာပူးအတွက် အဖွင့်ဂိုးကို အင်န်ဂေါ့(ယာ)သွင်းယူပြီးနောက် အသင်းဖော် ဒက်ကွတ်နှင့်အတူ ဤသို့ အောင်ပွဲခံခဲ့သည်။

ဖိအားမပေးနိုင်

အာဆင်နယ်တို့ ဘန်လေအိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ ခရမ်အလက်ဇန္ဒား၏ပယ်နယ်တီချေပဂိုးကြောင့် ပရီမီယာလိဂ်ထိပ်သီး ချယ်လ်ဆီးနှင့် မန်ယူတို့ကို ဖိအားမပေးနိုင်ဘဲ သရေပွဲဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပွဲစပြီး ကိုးမိနစ်အကြာ ဖာဘရီဂတ်စ်က အာဆင်နယ်အတွက် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန် ၂၈မိနစ်တွင် ဗာမေလန်က အင်ဒရီဘီကေးအား အာဆင်နယ်ဂိုးဧရိယာအတွင်း ကြမ်းတမ်းစွာကစားခဲ့မိ၍ ပယ်နယ်တီပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို အလက်ဇန္ဒားက သွင်းယူခဲ့ခြင်းဖြစ်သည်။

လီဗာပူးနိုင်

လီဗာပူးက အိမ်ကွင်း၌ ဝီဂန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သဖြင့် နည်းပြ ဘင်နီတက်ဇ် ဖိအားပေးခံနေရမှုကို သက်သာသွားစေသည်။ လီဗာပူးအတွက် အဖွင့်ဂိုးကို အင်န်ဂေါ့က ခေါင်းတိုက်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။ လီဗာပူးအတွက် ဒုတိယဂိုးကို တိုက်စစ်မှူး တောရက်စ်က ပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် အနီးကပ်ဂိုးသွင်းယူခဲ့သည်။ ဝီဂန်အတွက် နှစ်သိမ့်ဂိုးကို ဇော့ဘီယာက လေလွင့်ချိန်၌ သွင်းယူခဲ့သည်။ ။

ကိုးကား-အင်တာနက်

မြင့်မောင်စိုး - စုစည်းသည်

● *ရှေ့ဖုံးမှ*

ရဲဘော်တို့-

တစ်ချိန်တုန်းက ဒို့နိုင်ငံမှာ ခေတ်မီတပ်မတော်တစ်ရပ်မရှိခဲ့လို့ နိုင်ငံတော်ကို မကာကွယ်နိုင်ဘဲ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးပြီး သူ့ကျွန်ဘဝကို နှစ်ပေါင်းတစ်ရာကျော် ရောက်ရှိခဲ့ရတယ်။ အမှန်တကယ်တော့ ဒို့နိုင်ငံဟာ ကုန်းဘောင်ခေတ်နှောင်းပိုင်းကတည်းက စက်မှုနည်းပညာတွေနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ပြီးဖြစ်တယ်။ အဲဒီကာလတုန်းက ခေတ်မီတပ်မတော်တစ်ရပ် ထူထောင်နိုင်ဖို့ အခြေအနေကောင်းတွေကို တည်ဆောက်နိုင်ခဲ့တယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အစီအစဉ်တွေ ပျက်သုဉ်းခဲ့ရပြီး နယ်ချဲ့တွေရဲ့ ကျွန်ပြုနှိပ်စက်တာကို ခါးစည်းခံခဲ့ရတယ်။ ဒို့တိုင်းရင်းသားတွေဟာ စိတ်ဓာတ်ရေးရာအရ ဘယ်လောက်ပင်ကောင်းစေကာမူ လက်နက်နဲ့နည်းပညာ ကွာဟမှုကြောင့် အားမတန် မာန်လျှော့ခဲ့ရတယ်။ အဲဒီလိုခါးသီးတဲ့ သမိုင်းပေးသင်ခန်းစာတွေကြောင့် ဒီကနေ့ ဒို့တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်နေခြင်းပဲဖြစ်တယ်။ မျိုးချစ်စိတ်ဓာတ် အခြေခံရှိပြီးဖြစ်တဲ့ ဒို့တပ်မတော်ကို အင်အားတောင့်တင်းလာအောင်၊ စွမ်းရည်ထက်မြက်လာအောင်၊ ခေတ်မီလာအောင် တည်ဆောက်တဲ့နေရာမှာ **အင်ဂျင်နီယာစွမ်းပကား၊ တပ်မတော်အား**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ရဲဘော်တို့လို အတတ်ပညာရှင်တွေ၊ အသိပညာရှင်တွေရဲ့ ကြိုးပမ်းဆောင်ရွက်မှုဟာ အထူးလိုအပ်တယ်။ အင်အားဆိုတဲ့နေရာမှာ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာအင်အားပါ နှစ်မျိုးလုံးပါဝင်တယ်။ လူအင်အားမှအပ ကျန်တဲ့လက်နက်၊ ခဲယမ်း၊ ယာဉ်၊ ယန္တရားအပါအဝင် စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာတွေဖြစ်တဲ့ ရုပ်ပိုင်းဆိုင်ရာ အင်အားတွေအားလုံး တောင့်တင်းခိုင်မာလာအောင် ဆောင်ရွက်ရာမှာ အင်ဂျင်နီယာ အတတ်ပညာရှင်တွေဟာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ အမိတက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေနဲ့သာ တင်းတိမ်ရောင့်ရဲမနေဘဲ အချိန်နာရီနဲ့အမျှ ပြောင်းလဲနေတဲ့ စစ်ဘက်သိပ္ပံ ပညာရပ်တွေကိုပါ မျက်ခြည်မပြတ် လေ့လာဆည်းပူးနေကြရမယ်။ လူ့သဘောသဘာဝအရ ရုပ်ပိုင်းဆိုင်ရာ အင်အားတောင့်တင်းလာတာနဲ့အမျှ ယုံကြည်မှု၊ ရဲရင့်မှု စတဲ့ စိတ်ပိုင်းဆိုင်ရာ အင်အားလည်း မြင့်တက်လာမှာ ဖြစ်တယ်။ ဒါကြောင့် အင်အားတောင့်တင်းတဲ့ တပ်မတော်တည်ဆောက်ရာမှာ ရဲဘော်တို့ဟာ အခြေခံကျတဲ့ လူသားအရင်းအမြစ်တွေ ဖြစ်တယ်ဆိုတာ မှတ်ယူထားရမယ်။

ရဲဘော်တို့ -

နည်းပညာတွေတိုးတက်ပြီး ခေတ်မီလက်နက်တွေ အမျိုးမျိုး ဆန်းသစ်ပေါ်ပေါက်နေပေမယ့် အားလုံးရဲ့ အခြေခံကတော့ လူသားပဲဖြစ်တယ်။ ရုပ်ပိုင်းဆိုင်ရာအရ မည်မျှပင် အင်အားတောင့်တင်းစေကာမူ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမရှိခဲ့ရင် သူတစ်ပါးရဲ့ လွှမ်းမိုးခြယ်လှယ်မှုကို အလွယ်တကူ ခံရမှာပဲဖြစ်တယ်။ ဒါကြောင့် တပ်မတော်ရဲ့ အင်အားတောင့်တင်းခိုင်မာဖို့အတွက် ရုပ်ပိုင်းဆိုင်ရာအင်အားကို မိမိတို့ သင်ကြားတတ်မြောက်ထားတဲ့ အတတ်ပညာ၊ အသိပညာတွေနဲ့ မြှင့်တင်ပေးရုံသာမက စိတ်ပိုင်းဆိုင်ရာ အင်အားကိုပါ ကြံ့ခိုင်လာအောင် ဆောင်ရွက်

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ကြရမယ်။ ဒို့တပ်မတော်ဟာ စတင်ကတည်းက မျိုးချစ်စိတ်ဓာတ်နဲ့ အရင်းခံခဲ့တာဖြစ်လို့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံတတ်တဲ့ အစဉ်အလာကောင်းတွေဟာ စိတ်ပိုင်းဆိုင်ရာခွန်အားရဲ့ အခြေခံအချက်ပဲဖြစ်တယ်။ ရှိပြီးသား ဒီအစဉ်အလာကောင်းတွေအပြင် တပ်တိုင်း ရဲဘော်တိုင်းမှာရှိရမယ့် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုတဲ့ အခြေခံအရည်အချင်း (၅)ပါးနဲ့ပြည့်စုံအောင် ကြိုးစားလုပ်ဆောင်ကြမယ်ဆိုရင် ရည်မှန်းထားတဲ့အတိုင်း အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်ဖြစ်လာအောင် တည်ဆောက်နိုင်မှာပဲ ဖြစ်တယ်။

ရဲဘော်တို့ -

အင်ဂျင်နီယာအရာရှိတွေအဖြစ် တာဝန်ထမ်းဆောင်ကြမယ့် ရဲဘော်တို့ဟာ အတတ်ပညာရှင်တွေဖြစ်သလို တပ်မတော်သားတွေလည်းဖြစ်တယ်။ ဒါကြောင့် တပ်မတော်ရဲ့ အဓိကတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ကျရာကဏ္ဍကနေ ထမ်းဆောင်ကြရမယ်။ ရဲဘော်တို့ကို အမိတက္ကသိုလ်က အင်ဂျင်နီယာနဲ့သက်ဆိုင်တဲ့ နည်းပညာရပ်တွေအပြင် ခြေလျင်တပ်စုမှူးအဆင့်အထိ စစ်ပညာရပ်တွေကိုပါ သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ဖြစ်တယ်။ ဆက်ပြီးတော့လည်း ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်း၊ ခြေလျင်တပ်ရင်းမှူးသင်တန်း၊ စစ်ဦးစီးတက္ကသိုလ် စတဲ့ စစ်သင်တန်းတွေမှာ အခါအခွင့်သင့်သလို တက်ရောက်သင်ကြား သွားကြရမယ်။ တိုင်းပြည်နဲ့ တပ်မတော်အတွက် လိုအပ်လာရင် ခြေလျင်တပ်အသွင်နဲ့ တိုက်ပွဲဝင်နိုင်ရမယ်။ တပ်မတော်သမိုင်းမှာ ခြေလျင်တပ်တွေမပါဘဲ အင်ဂျင်နီယာတပ်ဖွဲ့ဝင်တွေနဲ့သာ ရန်သူကို တိုက်ခိုက်အောင်မြင်ခဲ့တဲ့ သာဓကတွေ ရှိခဲ့တယ်။ ဒီလိုမျိုးအရေးကြုံရင် သက်လုံကောင်းပြီး ပေးအပ်လာတဲ့ တာဝန်မှန်သမျှကို ကျေပွန်စွာထမ်းဆောင်နိုင်အောင် နည်းပညာဘာသာရပ်တွေသာမက စစ်ပညာဘာသာရပ်တွေကိုပါ အမြဲလေ့လာ သင်ယူနေရမှာဖြစ်တယ်။ ဒို့တပ်မတော်သားတွေဟာ သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်ထားသူတွေပီပီ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် လိုအပ်လာရင် မိမိတို့ရဲ့ အသက်၊ သွေး၊ ချွေးနဲ့ ခန္ဓာကိုယ်ကိုပါ စွန့်လွှတ်ပေးဆပ်ဖို့ ဝန်မလေးတဲ့သူတွေဖြစ်တယ်။ ရဲဘော်တို့ဟာ အဲဒီလို အစဉ်အလာကောင်းတွေကို အသက်နဲ့လဲပြီး ထိန်းသိမ်းစောင့်ရှောက်ကြရမယ်။ သစ္စာစောင့်သိခြင်း၊ အမိန့်နာခံခြင်း၊ စိတ်ဓာတ်ခိုင်မာပြီး ဖွဲ့သတ္တိပြည့်ဝခြင်း၊ စစ်စည်းကမ်းကောင်းမွန်ခြင်း စတဲ့ တပ်မတော်ရဲ့အား (၁၀)ပါးနဲ့ ပြည့်စုံနေအောင်လည်း ကြိုးပမ်းဆောင်ရွက်ကြရမယ်။

ရဲဘော်တို့ -

ခေါင်းဆောင်ငယ်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ မိမိကိုယ်တိုင်သာမက မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကိုပါ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ် ပြည့်ဝနေအောင် မှန်ကန်တဲ့ ခေါင်းဆောင်မှုနဲ့ လေ့ကျင့်ဆောင်ရွက်ပေးကြရမယ်။ ခေါင်းဆောင်ဆိုတာ တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်နဲ့ စွမ်းရည်ကို လိုအပ်သလို စုစည်းအသုံးချပြီး ရည်မှန်းချက်ပြီးမြောက် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရမှာဖြစ်တယ်။ ခေါင်းဆောင်ငယ်ဘဝမှာ ကိုယ်တိုင်အပင်ပန်းခံပြီး ရဲဘော်စိတ်နဲ့ ပူးပေါင်းဆောင်ရွက်မှသာ တပ်ဖွဲ့ဝင်တွေရဲ့ လေးစားချစ်ခင်မှု၊ အပြန်အလှန်ယုံကြည်မှုနဲ့ အသင်းအဖွဲ့စိတ်ဓာတ်တွေ ရရှိလာမှာဖြစ်တယ်။ မှန်ကန်မျှတစွာ ကွပ်ကဲစီမံပြီး ကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မယ်ဆိုရင် ပေးအပ်လာတဲ့ တာဝန်မှန်သမျှကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှာပဲ ဖြစ်တယ်။ ဒါ့အပြင် ရဲဘော်တို့ဟာ အင်ဂျင်နီယာ အတတ်ပညာရှင်တွေဖြစ်တဲ့အလျောက် မိမိတို့ ကွပ်ကဲရတဲ့ ပညာသည်တပ်ဖွဲ့ဝင်တွေကို အတတ်ပညာပိုင်းအရပါ ဦးဆောင်မှုပေးနိုင်ဖို့လည်း လိုတယ်။ ဒါကြောင့် ပညာရပ်ဆိုင်ရာတွေကို အမြဲမပြတ် ဆည်းပူးလေ့လာရင်း တီထွင်ကြံဆလုပ်ကိုင်ပြီး မိမိတပ်ဖွဲ့ဝင်တွေ ယုံကြည်လေးစား အားကိုးရရုံသာမက တပ်မတော်က အားထားရတဲ့ ပညာရှင်တွေဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့ -

နည်းပညာတွေ တစ်ဟုန်ထိုး ပြောင်းလဲတိုးတက်လာတာနဲ့အမျှ ခေတ်သစ်စစ်ပွဲတွေရဲ့ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရတွေလည်း ပြောင်းလဲလာခဲ့တယ်။ ယနေ့ကာလ စစ်ပွဲတွေမှာ ခေတ်မီဆန်းပြားတဲ့ လက်နက်ပစ္စည်းကိရိယာတွေနဲ့အတူ အသုံးပြုတဲ့ စစ်နည်းဗျူဟာတွေလည်း ပြောင်းလဲလာပြီဖြစ်တယ်။ ယခင်က တိုက်ပွဲတွေမှာ လူ၊ လက်နက်၊ ခဲယမ်းအင်အားတွေ အမြောက်အမြားနဲ့ တိုက်ခိုက်ခဲ့ကြတယ်။ ဒီကနေ့ စစ်ပွဲတွေမှာတော့ ကိန်းဂဏန်းအချက်အလက်တွေကို အသုံးပြုပြီး တိကျထိရောက်တဲ့ လက်နက်တွေနဲ့ တိုက်ခိုက်နေကြပြီ ဖြစ်တယ်။ အဓိက အချက်အချာကျတဲ့ နေရာတွေကို ပစ်မှတ်ထားတိုက်ခိုက်ပြီး ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးနဲ့ ရန်သူကို ချေမှုန်းအနိုင်ယူတဲ့ခေတ်ကို ရောက်ရှိလာပြီ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တိုးတက်လာတဲ့ စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရပ်တွေသာမက ပြောင်းလဲလာတဲ့ စစ်နည်းဗျူဟာတွေကိုပါ မပြတ်ဆည်းပူးလေ့လာပြီး မိမိတို့ရဲ့ အခြေအနေနဲ့ ကိုက်ညီအောင် အသုံးချနိုင်ရမယ်။ အနာဂတ် မြန်မာ့တပ်မတော် အင်အားတောင့်တင်းဖို့၊ စွမ်းရည်ထက်မြက်ဖို့၊ ခေတ်မီဖို့ဆိုတာ ရဲဘော်တို့လို မျိုးဆက်သစ် အတတ်ပညာရှင်၊ အသိပညာရှင်တွေရဲ့ မျိုးချစ်စိတ်ဓာတ်၊ စွမ်းရည်နဲ့ ကြိုးစားအားထုတ်မှုအပေါ်မှာ မူတည်နေတယ်ဆိုတာ အလေးအနက် ပြောကြားလိုတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဗိုလ်လောင်းတပ်ခွဲများ ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက် ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရဲဘော်တို့-

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးဆိုတဲ့ အခြေခံစွမ်းအား (၃)ရပ်ကို မြှင့်တင်ပေးရမှာဖြစ်တယ်။ အဲဒီစွမ်းအား(၃)ရပ်အနက် ဗဟိုချက်မဖြစ်တဲ့ စီးပွားရေးစွမ်းအားကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံရေးတည်ငြိမ်မှုနဲ့ တစ်ဆက်တည်း ကာကွယ်ရေးစွမ်းအားကိုပါ မြှင့်တင်နိုင်မှာ ဖြစ်တယ်။ ဒါကြောင့် ဒို့နိုင်ငံမှာလည်း စီးပွားရေးစွမ်းအား မြှင့်တင်နိုင်အောင် စီးပွားရေးဦးတည်ချက်တွေချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ဒို့နိုင်ငံဟာ မူလသဘာဝအရ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတတွေ ပေါများကြွယ်ဝတဲ့ နိုင်ငံဖြစ်တာနဲ့အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံကောင်းတွေရှိနှင့်ပြီးသား ဖြစ်တယ်။ ဒီလို သယံဇာတတွေကို ထိထိရောက်ရောက်ဖော်ထုတ်ပြီး ဒို့နိုင်ငံရဲ့ စီးပွားရေးစွမ်းအားကို မြှင့်တင်နိုင်အောင် ဆောင်ရွက်လျက်ရှိတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ အသုံးပြုရတဲ့ နည်းပညာတွေကို ပြည်ပနိုင်ငံတွေရဲ့ အမှီအခိုကင်းပြီး မိမိနိုင်ငံသား အတတ်ပညာရှင်တွေနဲ့သာ တူးဖော်ထုတ်လုပ်နိုင်မယ်ဆိုရင် ပိုမိုပြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမှာပဲ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့လို အတတ်ပညာရှင်တွေဟာ တပ်မတော်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုနိုင်လောက်တဲ့ ပညာရှင်တွေဖြစ်လာအောင် အပတ်တကုတ် ကြိုးစားလေ့လာသွားကြဖို့ လိုတယ်။

ရဲဘော်တို့-

ဒီကနေ့ ကမ္ဘာ့နိုင်ငံတွေရဲ့ အခြေအနေတွေကို လေ့လာဆန်းစစ်ကြည့်မယ်ဆိုရင် ဆန်းသစ်တဲ့ သိပ္ပံနဲ့နည်းပညာတွေကို အပြိုင်အဆိုင်တီထွင်ကြံဆလုပ်ဆောင်နေကြတဲ့ နည်းပညာခေတ်ကို ရောက်ရှိနေပြီ

ဖြစ်တယ်။ နည်းပညာတိုးတက်ထွန်းကားတဲ့

စွမ်းအားကို မြှင့်တင်နိုင်တဲ့အတွက်ကြောင့် က

တပ်မတော်ကို အင်အားတောင့်တင်းပြီး ခေ

ကြတယ်။ တစ်နည်းအားဖြင့် နည်းပညာတိုးတ

ကို မြှင့်တင်နိုင်ပြီး တစ်ဆက်တည်း ကာကွယ်

တည်ဆောက်နိုင်မှာဖြစ်တယ်။ သဘာဝသ

သုံးစွဲတာနဲ့အမျှ တစ်ချိန်ချိန်မှာ ကုန်ဆုံးသွာ

ဖော်ထုတ်အသုံးပြုပြီး စီးပွားရေးစွမ်းအား မြှင့်တ

အတန့် တစ်ခုအတွင်းသာ ဖြစ်နိုင်တယ်။ လူ

အပေါ်အခြေခံတဲ့ သိပ္ပံနဲ့နည်းပညာတွေရှိထား

မှာ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်အတွ

အရင်းအမြစ်တွေ ရရှိနိုင်ဖို့ နိုင်ငံနဲ့အဝန်း ပည

တွေကို စီမံကိန်းတွေချမှတ်ပြီး ဆောင်ရွက်လ

ဖြစ်တယ်။ နယ်ချဲ့တွေရဲ့ အမွေဆိုးကြောင့် န

ကျန်ခဲ့ရတဲ့ ဒို့နိုင်ငံတော်ကြီးကို ရဲဘော်တို့လို

တွေရဲ့ လက်ထက်မှာ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင

ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက

နိုင်ငံတော်အဝ

အရင်းအမြစ်တွေ

ပညာရည်မြှင့်တင

စီမံကိန်းတွေချမှတ်

အားလုံးအသိပဲဖြစ

အမွေဆိုးကြောင့် န

ကျန်ခဲ့ရတဲ့ ဒို့နိုင်င

အနာဂတ် သားေ

ကမ္ဘာနဲ့ရင်ပေါင်တ

ကြီးဖြစ်လာအောင

နိုင်ငံတော်အတွက် အဓိကကျတဲ့ လူသားအရင်းအမြစ်တွေ ရရှိနိုင်ဖို့ နိုင်ငံနဲ့အဝန်း ပညာရည်မြှင့်တင်ရေး လုပ်ငန်းတွေကို စီမံကိန်းတွေချမှတ်ပြီး ဆောင်ရွက်လျက်ရှိတာ အားလုံးအသိပဲဖြစ်တယ်။ နယ်ချဲ့တွေရဲ့ အမွေဆိုးကြောင့် နည်းပညာပိုင်းမှာ နောက်ကျကျန်ခဲ့ရတဲ့ ဒို့နိုင်ငံတော်ကြီးကို ရဲဘော်တို့လို အနာဂတ် သားကောင်းတွေရဲ့ လက်ထက်မှာ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ ခေတ်မီနိုင်ငံတော်ကြီးဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်။

ရဲဘော်တို့-

တပ်မတော်သားတွေဖြစ်တဲ့ ရဲဘော်တို့ဟာ မြန်မာနိုင်ငံရဲ့ နေရာအနှံ့အပြားမှာ တာဝန်ထမ်းဆောင်ရင်း နေရာဒေသအသီးသီးက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ဒေသခံ တိုင်းရင်းသားညီအစ်ကိုတွေနဲ့အတူ လက်တွဲလုပ်ဆောင်ပေးသွားကြရမယ်။ ခေတ်အဆက်ဆက် အဘက်ဘက်က နောက်ကျကျန်ခဲ့တဲ့ နေရာဒေသတွေမှာ ငြိမ်းချမ်းရေး အနှစ်သာရအဖြစ် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ လုပ်ဆောင်နေလျက်ရှိတယ်။ ဒီကနေ့ အခြေအနေမှာ ဒီလိုလုပ်ဆောင်နိုင်တာ လုပ်ငန်းတွေကို တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ကြရမယ်။ စစ်သည်တော်ကျင့်ဝတ်ကို လိုက်နာကျင့်သုံးရင်း ဆောင်ရန်၊ ရှောင်ရန်အချက်တွေကို တိတိကျကျ လိုက်နာခြင်းဖြင့် ပြည်သူလူထုရဲ့ ယုံကြည်ကိုးစား ချစ်ခင်မှုကိုရရှိပြီး အခက်အခဲမှန်သမျှကို ပြည်သူလူထုနဲ့အတူ ပူးပေါင်းလက်တွဲ ဖြေရှင်းနိုင်မှာပဲဖြစ်တယ်။ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်ဆိုတဲ့ စွမ်းအားစုကြီး(၃)ရပ်ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အခက်အခဲပြဿနာမှန်သမျှကို အောင်မြင်စွာ ကျော်လွှားနိုင်တာဖြစ်လို့ ရဲဘော်တို့အနေနဲ့ အလေးအနက်ထား ခံယူကျင့်သုံးပြီး လက်တွေ့လုပ်ဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမယ်။

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အတိတ်က ခါးသီးတဲ့အတွေ့အကြုံတွေပေါ်က သင်ခန်းစာရယူပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့လို့ပဲ ဖြစ်တယ်။ တိုင်းရင်းသားလူမျိုးစု တစ်ရာကျော်နေထိုင်တဲ့ ဒို့နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့ အဓိကအကျဆုံး လိုအပ်ချက်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ဖို့ဆိုတဲ့နေရာမှာ ဒို့တိုင်းရင်းသားအားလုံးဟာ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ရှိဖို့ လိုတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တာဝန်ကျရာနေရာက ဒေသခံ တိုင်းရင်းသားတွေကို ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာလာအောင် စည်းရုံးဆောင်ရွက်သွားရမယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ အဲဒီဒေသတွေက ဖွံ့ဖြိုးရေး

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဖြစ်တယ်။ နည်းပညာတိုးတက်ထွန်းကားတဲ့ နိုင်ငံတွေဟာ စီးပွားရေးစွမ်းအားကို မြှင့်တင်နိုင်တဲ့အတွက်ကြောင့် ကာကွယ်ရေးစွမ်းအားဖြစ်တဲ့ တပ်မတော်ကို အင်အားတောင့်တင်းပြီး ခေတ်မီအောင် ဖွဲ့စည်းလာခဲ့ကြတယ်။ တစ်နည်းအားဖြင့် နည်းပညာတိုးတက်ရင် စီးပွားရေးစွမ်းအားကို မြှင့်တင်နိုင်ပြီး တစ်ဆက်တည်း ကာကွယ်ရေးစွမ်းအားကိုပါ တိုးမြှင့်တည်ဆောက်နိုင်မှာဖြစ်တယ်။ သဘာဝသယံဇာတဆိုတာ ထုတ်ယူသုံးစွဲတာနဲ့အမျှ တစ်ချိန်ချိန်မှာ ကုန်ဆုံးသွားမှာဖြစ်လို့ သယံဇာတကို ဖော်ထုတ်အသုံးပြုပြီး စီးပွားရေးစွမ်းအား မြှင့်တင်ခြင်းဟာ ကာလအခိုက်အတန့် တစ်ခုအတွင်းသာ ဖြစ်နိုင်တယ်။ လူသားစွမ်းရည် သက်သက်အပေါ်အခြေခံတဲ့ သိပ္ပံနဲ့နည်းပညာတွေရှိထားမှသာ ရေရှည်တည်တံ့နိုင်မှာ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်အတွက် အဓိကကျတဲ့ လူသားအရင်းအမြစ်တွေ ရရှိနိုင်ဖို့ နိုင်ငံနဲ့အဝန်း ပညာရည်မြှင့်တင်ရေးလုပ်ငန်းတွေကို စီမံကိန်းတွေချမှတ်ပြီး ဆောင်ရွက်လျက်ရှိတာ အားလုံးအသိပဲဖြစ်တယ်။ နယ်ချဲ့တွေရဲ့ အမွေဆိုးကြောင့် နည်းပညာပိုင်းမှာ နောက်ကျကျန်ခဲ့ရတဲ့ ဒို့နိုင်ငံတော်ကြီးကို ရဲဘော်တို့လို အနာဂတ် သားကောင်းတွေရဲ့ လက်ထက်မှာ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ ခေတ်မီနိုင်ငံတော်ကြီး ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

ရဲဘော်တို့ -

နိဂုံးချုပ်အနေနဲ့ ပြောကြားရရင်-

- တပ်မတော်သားတွေဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်မတော်ရဲ့အဓိက လုပ်ငန်းတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲအသင့်ဖြစ်နေအောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူး လေ့ကျင့်ကြပါ။
- တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်တဲ့နေရာမှာ မိမိတို့တတ်မြောက်ထားတဲ့ အတတ်ပညာ၊ အသိပညာတွေနဲ့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြပါ။
- ဒို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တစ်ခုအဖြစ် တည်ဆောက်ရာမှာ နိုင်ငံတော်ကအားထားရတဲ့ ပညာရှင်တွေဖြစ်လာအောင် အပတ်တကုတ်ဆည်းပူးလေ့လာ ကြိုးစားသင်ယူကြပါ။
- နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ကျရာဒေသက တိုင်းရင်းသားညီအစ်ကိုတွေကို ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာလာအောင် စည်းရုံးဆောင်ရွက်သွားကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်တယ်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၁၂-၂၀၀၉

(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ အကပြိုင်ပွဲ
- ၈:၀၅ ၇။ ကြေးမုံရိပ်သွင် တေးနှယ်ဉ်
- ၈:၂၀ ၈။ **ကျန်းမာသန့်ထွား ဉာဏ်မြင့်မား**
- ၈:၄၀ ၉။ International News
- ၈:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ မြန်မာစာ၊ မြန်မာစကား
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာအထူးပြုများ) (စီးပွားရေးပညာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅:၀၀ ၇။ သက်တံရောင်သံစဉ်
- ၅:၁၅ ၈။ အတီးပြိုင်ပွဲ
- ၅:၂၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၅:၃၅ ၁၀။ **ပဋ္ဌလက်ကျောင်းတော်**
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ **ဝါသီးက ရွှေသီးဖြစ်ပြီ** ဖြိုးငွေစိုး၊ကောင်းခန့်၊ ပပဝင်းခင်၊ ခိုင်ငြိမ်းငြိမ်းစံ [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ(သုတေသီ)]
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၂၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၁)
- ၁၉။ **သီချင်းချစ်သူ (ရှင်ဖုန်း)**
- ၂၀။ အစီအစဉ်ပြီး၏။

အထက်ပိုင်းဒေသများတွင် ညအပူချိန်များတိုးလာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၇

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အတင့်အသင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ယမန်နေ့ည သန်းခေါင်ယံအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

__ယနေ့ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ အများအားဖြင့် သာယာမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အောင်မြင်မှု သရဖူဆောင်း အားသစ်လောင်း....ပန်းတိုင်ဆီ

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

မကြာမီအချိန်မှာ တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုကြရတော့မှာ ဖြစ်ပါတယ်။ စာမေးပွဲအချိန်စာရင်းကြေညာချက် ထွက်ပေါ်လာပြီဆိုရင်ပဲ ဖြေဆိုကြရတော့မယ့် သားငယ်၊ သမီးငယ်များသာမက မိဘတွေအားလုံး၊ ဆရာဆရာမတွေအားလုံး စိတ်လှုပ်ရှားမှုတွေနဲ့ နိုးနိုးကြားကြားဖြစ်နေကြသလို ကြိုတင်ပြင်ဆင်မှုတွေကို အရှိန်မြှင့်နေကြရပါပြီ။ မိဘတိုင်းက ကိုယ့်သားသမီးကို အမြင့်ဆုံးမှာ ရှိနေစေချင်ကြတာ၊ အဆင့်မြင့်မြင့်နဲ့ စာမေးပွဲ အောင်မြင်စေချင်ကြတာချည်းပါပဲ။

ကျွန်မတို့ငယ်စဉ်ဘဝတွေနဲ့ ယနေ့ခေတ်ကလေးတွေရဲ့ဘဝတွေက မိုးနဲ့မြေလို ကွာခြားလာခဲ့ပါပြီ။ သူတို့လေးတွေရဲ့အကြားမှာ "Competition"ဆိုတဲ့ ယှဉ်ပြိုင်မှုတွေက အံ့မခန်းဖြစ်လာခဲ့ပါပြီ။ ကျွန်မတို့ငယ်စဉ်က ဘာသာစုံ ဂုဏ်ထူးရဖို့ မလွယ်ကူပေမယ့် ယနေ့ခေတ်ကလေးတွေကတော့ ဘာသာစုံ ဂုဏ်ထူးရဖို့၊ အမှတ်ပြည့်ရဖို့၊ "Top Ten" မှာ ပါဖို့ဆိုတဲ့ ရည်မှန်းချက်တွေနဲ့အတူ ကြိုးစားမှုတွေကလည်း အထွတ်အထိပ်ပါပဲ။ မိဘတွေကလည်း သားသမီးတွေနဲ့ထပ်တူ မိမိတို့ကိုယ်တိုင် ဝင်ရောက်ဖြေဆိုကြတော့မယ့်အတိုင်း အနီးကပ်ကြီးကြပ် အားပေးသင်ပြပေးနေကြသူတွေရှိသလို မနက်မိုးမလင်းခင်ကနေ ညဥ့်နက်သည်အထိ ကားတစ်စီးနဲ့ပြေးလွှား၊ စက်ရုပ်တွေလို ကြိုးပို့လှုပ်ရှားနေကြသံတွေကိုလည်း ကြားနေကြရပါတယ်။ နဝမတန်းမပြီးခင်ကတည်းက တက္ကသိုလ်ဝင်တန်းစာတွေ ကြိုတင်သင်ယူနေခဲ့ကြသူတွေရှိသလို နွေရာသီကျောင်းပိတ်ပြီဆိုကတည်းက အားချိန်၊ နားချိန်မရှိ၊ ဆရာတစ်လှည့်၊ Guide တစ်လှည့်၊ ကျောင်းကြီးတစ်လှည့် စသည်ဖြင့် အချိန်အကြားအလပ်မရှိ ကြိုးစားနေကြသူတွေလဲ ရှိနေကြပါတယ်။

အချိန်နှင့် ဒီရေသည် လူကိုမစောင့်
အချိန်ရှိခိုက် လုံ့လစိုက်

မိုးရွာတုန်းရေခံ စတဲ့ ရေးပြလို့ မကုန်နိုင်အောင် များပြားလှတဲ့ စကားပုံလေးတွေကို လက်ကိုင်ထားခဲ့ရတဲ့ ဒီအချိန်တွေကို ရောက်လေတိုင်း ကျွန်မတို့ ကြိုးစားရုန်းကန်ဖြတ်သန်းခဲ့ရဖူးတဲ့ ငယ်ဘဝခရီးလမ်းတွေက ကြေးမုံပြင်မှာ ထင်ဟပ်လာသလို တရေးရေး မြင်ယောင်လာခဲ့ရပါတယ်။ အဲဒီအချိန်မှာပဲ ကဗျာဆရာ မောင်နှင်းပန် (ရေနံချောင်း)ရဲ့ 'လူတိုင်းအတွက် ၂၄' ဆိုတဲ့ ကဗျာလေးကို ဖတ်မိတဲ့အခါ တက္ကသိုလ်ဝင် ဖြေဆိုကြတော့မယ့် ကလေးတွေအတွက် အားဆေးတစ်ခွက် ဖြစ်နိုင်ကောင်းရဲ့လို့ တွေးမိပြီး မျှဝေခံစားချင်စိတ်နဲ့ ဒီဆောင်းပါးလေးကို ရေးလိုက်ရပါတယ်။

ကျွန်မတို့အားလုံး တစ်နေ့တာ ၂၄နာရီအနက်က မနက်မိုးလင်းသည်မှ ညအိပ်ရာဝင်အချိန်အထိ အချိန်တွေကို ဘယ်လိုအသုံးချခဲ့ပါသလဲ။ အကျိုးရှိစွာ ကုန်လွန်စေခဲ့ပါသလား။ အလဟဿ ဖြုန်းတီးခဲ့ပါသလား။ ကဗျာဆရာကတော့-

"စက္ကန့် ၆၀ တစ်မိနစ်
မိနစ် ၆၀ တစ်နာရီ
၂၄နာရီ တစ်ရက်
မူလတန်းစာမျက်နှာပေါ်မှ ဆရာမရဲ့သင်ကြားမှု
ခုထိမှတ်မိနေတယ်။
ဒါ လူတိုင်း အခမဲ့ရရှိတဲ့အချိန်
ဒီအချိန်ပေါ် လေးစားတန်ဖိုးထား အသုံးပြုသူတွေက
လူများစွာပေါ် ခေါင်းတစ်လုံးမြင့်
ပွဲလယ်တင့်တာ မငြင်းနိုင်ဘူး"လို့ ဆိုထားပါတယ်။

ဒီစာသားလေးကို ဖတ်မိတဲ့အခါ ခွန်အားသစ်တွေက ရင်ထဲမှာ အလိုလိုပြည့်လာခဲ့ရတယ်။

"ကြိုးစားသူက ထိပ်ဆုံး
မကြိုးစားသူက အောက်ဆုံး
၂၄နာရီရဲ့ အဆုံးအဖြတ်က မျက်နှာမလိုက်ပါဘူး"တဲ့

လူတွေရဲ့ဘဝတွေကို ကြည့်တဲ့အခါ မိုးနဲ့မြေကြီးလို ကွာခြားနေကြတာတွေ၊ ဘဝတွေရဲ့မညီညာမှု မြင့်တုံ၊ နိမ့်တုံတွေက ဘာကြောင့်များပါလဲ။ ကံ ကံရဲ့ အကျိုးပေးဆိုတာ သေချာပေမယ့် အချိန်ကို အကျိုးရှိစွာ စနစ်ကျကျ ပိုင်းခြားနိုင်သူတွေကပဲ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ကြမှာပဲဖြစ်ပါတယ်။

ကားမောင်း စသင်စကာလတွေမှာ ကားစတီယာရင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး ဘေးဘီဝဲယာကို အာရုံမထွေပြားရဲဘဲ စိတ်လှုပ်ရှားစွာ မောင်းနှင်နေရင်းနဲ့ အတွေးတစ်စက လက်ခနဲ ဝင်လာခဲ့ဖူးပါတယ်။

"ကားမောင်းသင်ခါစမှာ ကားက ကိုယ့်ကိုခိုင်းစေမောင်းနှင်ခဲ့တာဖြစ်ပြီး ကျွမ်းကျင်လာတဲ့အချိန်မှာတော့ ကိုယ်က ကားကို ကျင်လည်စွာလိုသလို ခိုင်းစေမောင်းနှင်နေတာပါလား" ဆိုတာပါပဲ။ ဒီလိုပါပဲအချိန်တွေနဲ့နပန်းလုံးနေကြစဉ်မှာ အစပိုင်းတော့ "အချိန်တွေက ကုန်လွယ်လိုက်တာ" လို့ ပြောလိုပြော၊ "အချိန်တွေက ကုန်ခဲလိုက်တာ" လို့ ပြောတဲ့အခါပြောနဲ့ အချိန်တွေက ကိုယ့်အပေါ်မှာ စေစားတာခံခဲ့ရပြီး အရှုံးပေးရတော့မလိုပါပဲ။ ကြာလာတဲ့အခါ ချိန်ကိုက်စီမံကွပ်ကဲတတ်လာတော့ အဲဒီအချိန်တွေကိုပဲ ဇယားချ၊ ပိုင်းခြားစေစားပြီး အလိုရှိသလို မောင်းနှင်လာနိုင်တဲ့ တစ်နေ့မှာ ဘဝရဲ့ အောင်မြင်မှုတွေက ကိုယ့်အတွက် ဖြစ်လာရတော့မှာပါပဲ။

မတ်လ ၁၀ရက်နေ့ကစပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြရတော့မယ့် သားငယ်၊ သမီးငယ်တွေအတွက်တော့ ခုချိန်ကစပြီး အချိန်တိုင်းဟာ 'ရွှေ'တွေချည်း ဖြစ်နေပါပြီ။ ဒီအချိန်တွေဟာ လုံးဝ အငြိအစွန်းမခံ၊ နည်းနည်းလေးမှ မလူးသာမလွန့်သာ၊ အပိုမဖြုန်းဝံ့တဲ့ အချိန်တွေပါပဲ၊ ဒီအချိန်မှာ အပိုအာရုံတွေဖြတ်၊ စာဆိုမှစာ၊ တစာစာကျက်မှတ်ရင်း ခေါင်းထဲမှာ 'စာမေးပွဲ စာမေးပွဲ' ရယ်လို့၊ ကိုယ့်ကိုယ်ကို Alarm ပေးအချက်ပြ နေကြရမှာ ဖြစ်ပါတယ်။ ကိုယ့်ရှေ့က အမှတ်အများဆုံးရထားတဲ့ ဘာသာစုံ ဂုဏ်ထူးရှင်တွေရဲ့ ကြိုးစားကျက်မှတ်နည်းတွေကို စံနမူနာထား အတုယူ လိုက်နာပြီး ဝီရိယကို ရှေ့တန်းတင်၊ ဉာဏ်စွမ်းရှိသရွေ့ ကျက်မှတ်ကြရမှာ ဖြစ်ပါတယ်။ ၁၀နှစ်စာ မေးခွန်းဟောင်းတွေကို အထပ်ထပ်ဖြေဆိုလေ့ကျင့်ပြီး ဘာသာရပ်တိုင်း'ကြောင်ပုစွန်စား ကွပ်ကွပ်ဝါး' ဆိုသလို ကြေညက်နေရမယ့်အချိန်ကို ရောက်နေပါပြီ။ ဒီအချိန်မှာ အရေးကြီးဆုံးက 'ကျန်းမာရေး'ပါပဲ။ ပန်းဝင်ခါနီးမှာမှ ကျန်းမာရေး ချို့ယွင်းလိုက်လို့ကတော့ တန်ဖိုးရှိတဲ့ အချိန်တွေအားလုံး လေထဲမှာလွင့်မျောပျောက်ကွယ်သွားရပါလိမ့်မယ်။ စာအကျက်များလို့ အထိုင်များ၊ အညောင်းမိမနေစေဖို့ ထိုင်ထ၊ လှုပ်ရှား၊ သွားလာစားသောက်တာတွေ မျှတဖို့ လိုပါတယ်။ အိပ်ချင်လျက်နဲ့ မိဘနဲ့ ဆရာကိုကြောက်လို့ ပေတေပြီး ထိုင်နေလည်း အလကားပါပဲ။ အိပ်ချင်ရင် အိပ်ပစ်ပြီး အိပ်ရေးဝတာနဲ့ ပြန်ထပြီး ဦးနှောက်ကြည်လင်လန်းဆန်းနေချိန်မှာ ပြန်လည်ကျက်မှတ်မယ်ဆိုရင် ပိုပြီးအကျိုးများမှာပါ။ ဒါပေမယ့် အချိန်တိုင်း အိပ်ချင်တယ်၊ စိတ်မပါဘူးဆိုပြီး အိပ်ချည်းပစ်နေလို့တော့ မဖြစ်ပါဘူး။

ကျွန်မငယ်ငယ်တုန်းက အလွန်စိတ်ကူးယဉ်တတ်ခဲ့ပါတယ်။ စာကြည့်စားပွဲမှာထိုင်ရင်း 'စာမေးပွဲကို ဂုဏ်ထူးတွေနဲ့သာ အောင်မြင်ခဲ့ရင်'၊ 'စင်မြင့်ထက်မှာ ဆုတွေတက်ယူနေခဲ့ရရင်'၊ 'အရာရာကိုလိုတရတဲ့ ဘဝကို ပိုင်ဆိုင်ခဲ့ရရင်' ဆိုပြီး ကိုယ့်ကိုယ်ကို အာရုံထဲမှာ မြင်အောင်ပုံဖော်ပြီး စိတ်ကူးတွေယဉ်ခဲ့ဖူးပါတယ်။ ဒီလိုစိတ်ကူးယဉ်တာတွေကို လက်တွေ့ဘဝမှာ အကောင်အထည်ဖော်ပြီး ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်ဓာတ်အင်အားတွေနဲ့ အဖိုးတန်အချိန်တွေကို မောင်းနှင်နိုင်မယ်ဆိုရင် လိုချင်တဲ့ပန်းတိုင်ကို မဖြစ်မနေရောက်လာမှာပါပဲ။

ဒီတက္ကသိုလ်ဝင်စာမေးပွဲဆိုတဲ့ လှေကားလေးတစ်ထစ်၊ အချိန်ကာလလေး တစ်ခုကပဲ လူတွေရဲ့ ဘဝအဆင့်အတန်း၊ ဂုဏ်ဒြပ်အခြေအနေနဲ့ ပိုင်ဆိုင်မှုတွေကို ကန့်သတ်လိုက်ကြတာပါ။ ကံ၊ ဉာဏ်၊ ဝီရိယမှာ ကံက ရှေ့က ဆိုပေမယ့် ဉာဏ်လေးလည်း အသင့်အတင့် ကောင်းတယ်ဆိုရင်တော့ ဝီရိယကိုသာ ရှေ့တန်းတင်လိုက်ပါ။ သူများထက် မသာတောင် သူများနောက် ကျန်ခဲ့ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပညာနဲ့ပတ်သက်ပြီး အတိတ်ကံပါရမီကြီးသူတွေကတော့ ပေါ့ပေါ့ပါးပါး ကျက်မှတ်နိုင်ကြပေမယ့် ဉာဏ်အသင့်အတင့်သာရှိတဲ့ သားငယ်၊ သမီးငယ်တွေအနေနဲ့လည်း အားငယ်စရာမရှိလှပါဘူး။ သူများလို တစ်ခေါက်နဲ့ဖတ်လို့မရရင် ငါးခေါက်လောက်ဖတ်မယ်။ ငါးခေါက်နဲ့မှ မရသေးရင် ၁၀ခေါက်ဖတ်မယ်။ အထပ်ထပ်ဖတ်မယ်။ ရေးပြီးကျက်မယ်။ ပြန်စဉ်းစားမယ်။ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသလို မေးခွန်းဟောင်းတွေကို အဖန်ဖန်အခါခါ လေ့ကျင့်ဖြေကြည့်မယ်။ ကျန်းမာရေးကို အဓိကထား ဂရုစိုက်မယ်။ ပန်းအဝင်မှာ ဘယ်လိုအနှောင့်အယှက်မှ မရှိစေအောင် 'ဖြစ်ကိုဖြစ်ရမယ်'ဆိုတဲ့ စိတ်ဓာတ်ခွန်အားတွေနဲ့ တင်းထားမယ်။ ငိုက်မနေနဲ့၊ အိပ်မနေနဲ့၊ တွေဝေမနေနဲ့၊ ဒါဆိုရင် စာမေးပွဲကာလတွေဟာ ကိုယ့်အတွက် လှပတဲ့အိပ်မက်တွေကို ဖန်တီးပေးကြမှာပါ။

ဟော- စာမေးပွဲလည်းပြီးရော တစ်နှစ်လုံး ခေါင်းထဲမှာ တင်းကျပ်စွာ ရှိနေခဲ့တဲ့ အစိုင်အခဲကြီးက ပေါ့ပါးသွားခဲ့ရပြီမို့ အောင်စာရင်းတွေ ထွက်တဲ့အခါ ဂုဏ်ယူဝင့်ကြွားနိုင်ဖို့၊ ပျော်ရွှင်ကြည်နူးနိုင်ဖို့ အခုအချိန်မှာ စံချိန်ကို အမြင့်ဆုံးအထိ တင်လိုက်ဖို့လိုပါပြီ။ နောင်တဆိုတာ နှောင်းမှ ရတတ်တာချည်းမို့ ခုချိန်မှာ မီးကုန်ယမ်းကုန် ကြိုးစားမယ်ဆိုရင် အချိန်မီပါသေးတယ်။ အဲဒီ နှစ်လကျော်ကျော် အချိန်လေးကပဲ သားတို့၊ သမီးတို့ရဲ့ဘဝကို အဆုံးအဖြတ်ပေးကြတော့မှာ။ ကျောင်းအတူတက်၊ စာအတူကျက်ခဲ့ကြတဲ့ သူငယ်ချင်းတွေပေမယ့် နောင်တစ်ချိန်မှာ ဘဝအောင်မြင်မှုနဲ့ အဆင့်အတန်းကို ပိုင်းခြားသတ်မှတ်ပေးတော့မယ့် ယှဉ်ပြိုင်ပွဲကြီးလို့ မြင်ယောင်ပြီး ကြိုးစားလိုက်ကြစမ်းပါ။

ကဲ- ဒီတော့ကာ ကမ္ဘာမှာရော မြန်မာမှာပါ အောင်မြင်ကျော်ကြားနေကြသူတွေအားလုံးဟာ ၂၄နာရီဆိုတဲ့ အချိန်ကို တန်ဖိုးရှိရှိ အသုံးချခဲ့ကြတာကြောင့်ပါလို့ ပြောရင်းနဲ့ပဲ မောင်နှင်းပန် (ရေနံချောင်း)ရဲ့ ကဗျာထဲက စာသားလေးနဲ့ နိဂုံးချုပ်လိုက်ချင်ပါတယ်။

"ကိုယ့်ကိုယ်ကို အောင်မြင်လိုသူတစ်ယောက်
သေချာပေါက်ဖြစ်ဖို့ရာ ၂၄နာရီကို ရွှေရောင်တင်
ဖြစ်ချင်တာကိုကြိုးစား ပစ်မှတ်ကိုထိမှာမလွဲဘူး
ကဲ- အချိန်တွေမဖြုန်းနဲ့ ၂၄နာရီကို အသုံးပြု
အောင်မြင်မှု သရဖူဆောင်း
ကမ္ဘာကို ခါးစောင်းတင်ရအောင်"။



ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်း နေကြာလမ်းကတ္တရာခင်းရန် လုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၉ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မျိုးမြင့်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဒီဇင်ဘာ ၁၇

ပေါင်းတည်၌ တိုင်းရင်းဆေးသေတ္တာပေးအပ်

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် တိုင်းရင်းဆေးကုဌာနသို့ နီပွန်ဖောင်ဒေးရှင်းက အရေးပေါ်သုံး မြန်မာတိုင်းရင်း ဆေးသေတ္တာပေးအပ်ပွဲကို နိုဝင်ဘာ ၂၄ရက် နံနက် ၁၀ နာရီက ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝရတ်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကိုကိုလွင်က အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကျေးရွာ ၂၃ရွာမှ တာဝန်ခံများထံ ဆေးသေတ္တာများ ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့ လုံပီးကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်

နိုင်ငံတော်မတည်ငွေဖြင့် ဖလမ်းမြို့နယ် လုံပီးကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ဖလမ်းခရိုင် ပြန်/ဆက် ဦးစီးဌာန ဦးစီးအရာရှိ ဦးမန်းစိန်သည် ဒီဇင်ဘာ ၆ရက် မွန်းတည့် ၁၂နာရီက သွားရောက်ပြီး တိုင်အုတ်ခုံ တည်ဆောက်မှုနှင့် ပစ္စည်းစုဆောင်းမှုများကို ကြည့်ရှုစစ်ဆေးသည်။ (ခရိုင် ပြန်/ဆက်)

ဆားလင်းကြီး ပြန်/ဆက် စာကြည့်တိုက်တည်တံ့ရေးဆွေးနွေး

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်သည် စာထောက် -(၃)ဦးချိုချိုအောင်လိုက်ပါလျက် နိုဝင်ဘာ ၁၉ ရက်က ရေမိန်အုပ်စုရေမိန်မြောက်ရွာသို့ရောက်ရှိပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူမှုရေးအသင်း အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေးကို ညှိနှိုင်းဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ခန္တီးမြို့နယ် စိန်နန်းကျေးရွာ စာကြည့်တိုက်ပန္နက်တင်

နိုင်ငံတော်မတည်လှူဒါန်းငွေကျပ် ၁၀သိန်းဖြင့် ဆောက်လုပ်မည့် ခန္တီးမြို့နယ် စိန်နန်းကျေးရွာ ပွင့်သစ်စ စာကြည့်တိုက်အတွက် ပန္နက်တင်ပွဲကို နိုဝင်ဘာ ၁၉ရက် နံနက် ၉နာရီက စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးထွန်းသိန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးနှင့် စိန်နန်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစောမြင့်ရွှေတို့က စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ပန္နက်ရိုက်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

Asia Light Electrical Accessories အရောင်းပြခန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၇

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်း အောင်ဆန်းအားကစားပြိုင်ဝင်း အရှေ့ဘက်တန်း အခန်းအမှတ် ၁၆/၁၇ရှိ Asia Light Electrical Accessories အရောင်းပြခန်းဆိုင်သစ်ကို ဒီဇင်ဘာ၁၈ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။ အရောင်းပြခန်းတွင် Ceiling Lamp, Down Light & Spot Light,Gate Lamp, Garden Lamp, Water Proof Lamp, Security Lamp, Wall Lamp, Stand Lamp, Table Lamp, Crystals Lamp, Sodium Lamp, Solarize Lawn Lamp များ၊ လျှပ်စစ်ဝါယာကြိုးများနှင့်မီးခလုတ်များကို ခင်းကျင်းပြသမည်။

ထို့အပြင် အီဂျစ်နိုင်ငံ Asfour Crystal ကုမ္ပဏီက ထုတ်လုပ်သည့် စိန်သီးနှင့် Crystal မီးဆိုင်းများ၊ ဂျာမနီနည်းပညာဖြင့် Schneider ကုမ္ပဏီကထုတ်လုပ်သည့် C-Metro E-3000 Series မှ မီးခလုတ်များနှင့် Zencelo Seriesr မှ မီးခလုတ်များကို ပြသထားသည်။ အဆိုပါမီးခလုတ်များသည် ပထမတန်းစား မီးခလုတ်များဖြစ်ပြီး အိမ်တွင်းတပ်ဆင်ထားရာတွင် လှပသေသပ်ပြီး လျှပ်စစ်အသုံးပြုရာ၌ လုံခြုံစိတ်ချမှုရှိပြီး ပုံစံအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးရှိကာ ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်သည်။

အလားတူနေရောင်ခြည်စွမ်းအင်သုံး High Way Street လမ်းမီးတိုင်များ၊ LED Street Lamp လမ်းမီးတိုင်များ၊ နေရောင်ခြည်စွမ်းအင်သုံး Solarize Garden Lamp Series များ၊ တိုက်တာနေအိမ်များ၌ အသုံးပြုသော LED Search Light များ၊ ရေအောက်၌ထွန်းညှိ အသုံးပြုသော LED Under Water Series များ၊ မြေအောက်ဥမင်လိုဏ်ခေါင်းများ၌ ထွန်းညှိအသုံးပြုသော LED Tunnel Series များ၊ အိမ်တွင်းအလှဆင် LED High Power Lamp Cub Series များ၊ စက်ရုံ၊ အလုပ်ရုံ၊ အားကစားရုံများ၌ အသုံးပြုသော LED Reflector Light Series များနှင့် ဟိုတယ်အဆောက်အအုံများ၏ အပြင်၌ အလှဆင်ထွန်းညှိသော LED Wall Wash Light Series များနှင့် LED Tree များ၊ ကုန်တိုက်များ၊ စူပါမားကတ်များ၊ ရှော့ပင်းမောလ်များ၏ အတွင်းဆိုင်ခန်းများ၌ အလှဆင်အသုံးပြုသော LED Commercial/Home Decorative Lighting Series များနှင့် စင်တင်တေးဂီတရှိုးပွဲများ၌ အသုံးပြုသည့် Disco Light & Accessories များကို ခင်းကျင်းပြသထားသည်။ ထို့အတူ လူ၏ကိုယ်အပူချိန်၊ အရိပ်၊ အသံတို့ကို ခံစားပြီး အခန်းအတွင်းရှိ မီးချောင်းမီးပွင့်များ အလိုအလျောက် အဆင့်လိုက် ဖွင့်နိုင်သည်။ Sensor များ၊ ရုံး၊ ကုမ္ပဏီများ၏ အလုပ်ဆင်းသည့်အခါ အလိုအလျောက် မီးပိတ်နိုင်သည့် Sensor ပစ္စည်းများနှင့်ခလုတ်များ၊ လျှပ်စစ်စွမ်းအင်ချွေတာသုံးစွဲနိုင်မည့် အဝေးထိန်းစနစ်ဖြင့် ဖွင့်နိုင်၊ ပိတ်နိုင်သည့် Sensor များကို ခင်းကျင်းပြသထားသည်။ **(အောက်ပုံ)**

Asia Light Electrical Accessories အရောင်းပြခန်းကို မန္တလေးမြို့ အမှတ် ၉၇၊ လမ်း ၃၀၊ ၇၆×၇၇လမ်းကြား ဖုန်း-၀၂-၀၉၄၂၁နှင့် ၀၂-၇၄၆၅၅၊ အမှတ် ၂၆၉၊ ၂၆လမ်း၊ ၈၃×၈၄လမ်းကြား ဖုန်း-၀၂-၆၆၆၅၅နှင့် ၀၂-၇၂၃၀၀ တို့တွင်လည်း ဖွင့်လှစ်ထားရှိပြီး e-mail- asialight27@gmail.com. ဖြင့် ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိပ်ချ်အိုင်ဗွီရောဂါ ဝေဒနာရှင်များ ပြုစုကုသစောင့်ရှောက်ရေးလုပ်ငန်း တိုးချဲ့(၅)နှစ်စီမံကိန်း သဘောတူလက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

မြန်မာ့ကမ်းလွန်ဒေသ ရတနာစီမံကိန်း၏ မုတ္တမသဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ (Moattama Gas Transportation Company-MGTC)၏ ထောက်ပံ့မှုဖြင့် အိပ်ချ်အိုင်ဗွီရောဂါဝေဒနာရှင်များ ပြုစုကုသစောင့်ရှောက်ရေးလုပ်ငန်း တိုးချဲ့(၅) နှစ်စီမံကိန်း သဘောတူလက်မှတ်ရေးထိုးပွဲကို ဒီဇင်ဘာ ၁၅ရက် မွန်းလွဲပိုင်း၌ နေပြည်တော်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်အမှာစကားပြောကြားပြီး မြန်မာ့ကမ်းလွန်ဒေသ ရတနာစီမံကိန်း၏ မုတ္တမသဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီတာဝန်ခံ၏ Operator Total Exploration and Production Myanmar (TEPM)မှ အထွေထွေမန်နေဂျာ Mr. Nicolas Terraz နှင့် The International Union Against Tuberculosis and Lung Disease (The Union) ၏တာဝန်ခံ Dr. Philppe Clevenbergh တို့က နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးကြသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာ့ကမ်းလွန်ဒေသ ရတနာစီမံကိန်း၏ မုတ္တမသဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီမှ အဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း Total Exploration and Production Myanmar Company၊ PTTEP Company၊ UNOCAL Company နှင့် The International Union Against Tuberculosis and Lung Disease (The Union) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သဘောတူညီ

အဆိုပါ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းကို ကျန်းမာရေးဦးစီးဌာနနှင့် The Union တို့ပူးပေါင်း၍ ၂၀၀၄ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၉ခုနှစ်အထိ ပထမ(၅)နှစ် စီမံကိန်းကို မန္တလေးနှင့် ပခုက္ကူဒေသများတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ သန်း သုံးစွဲဆောင်ရွက်ခဲ့ပြီး တိုးချဲ့(၅)နှစ်အဖြစ် ၂၀၁၀ခုနှစ်မှ ၂၀၁၄ခုနှစ်အတွက် အိပ်ချ်အိုင်ဗွီရောဂါဝေဒနာရှင်များ ပြုစုစောင့်ရှောက်ရန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀ သန်း ထောက်ပံ့ရေးအတွက် သဘောတူညီခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောင်-ပရိမ္မလမ်းမကြီး သန့်ရှင်းရေး ပြုလုပ်

မြောင် ဒီဇင်ဘာ ၁၇

မြောင်မြို့ မြောင်-ပရိမ္မလမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ ပုံဖော်ကိုက်ညှိခြင်း၊ မြက်များ စိမ်းစိုလှပစေရန် မြက်ဖြတ်စက်ဖြင့် ဖြတ်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းတို့ ကြီးကြပ်ဆောင်ရွက်ပြီး ဝန်ထမ်းများက အမှိုက်သိမ်းယာဉ်များဖြင့် စုပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောင်ပန်းမြို့တွင်း လမ်းပေါက်မရှိစေရေးအတွက် အောင်ဆန်းလမ်း ကတ္တရာလမ်းပေါက်များ အကွက်လိုက် ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော 'MFRS for SMEs (Part-I)'ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဒီဇင်ဘာ ၂၃ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည် ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် အမှတ် (ရှိလျှင်) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန် လိုအပ်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည် မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသူ သင်တန်းသားများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့

နေပြည်တော် ဒီဇင်ဘာ ၁၇

၁၃၇၁ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်ကြသော သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့လျက်ရှိရာ ဒီဇင်ဘာ၁၅ရက် မွန်းလွဲ ၁ နာရီမှစ၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)တို့အဖွဲ့သည် ရန်ကင်းနှင့် ပုဇွန်တောင်မြို့နယ်များရှိ သက်ကြီးစာပေပညာရှင် လေးဦးတို့အား အိမ်တိုင်ရာရောက် လိုက်လံ၍ ငွေသားကျပ် ၁၅၀၀၀၀နှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ကန်တော့သွားမည်

ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်း နေထိုင်သောကျန်ရှိသည့် မြို့နယ်များမှ သက်ကြီးစာပေပညာရှင်များအား သက်ဆိုင်ရာက အိမ်တိုင်ရာရောက် ဆက်လက်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆေးရုံနှင့် ဆေးခန်းသုံးပစ္စည်းများ အရောင်းမြှင့်တင်

ရန်ကုန် ဒီဇင်ဘာ ၁၇

CONCORDIA Co.,Ltd. က ဆေးရုံနှင့် ဆေးခန်းသုံးပစ္စည်းများအရောင်းမြှင့်တင်ခြင်းကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ရွှေဂုံပလာဇာ၊ ကမ္ဘာအေးစေတီလမ်း၊ CONCORDIA Co.,Ltd. Show Room ၌ကျင်းပလျက်ရှိသည်။

အဆိုပါ အရောင်းမြှင့်တင်ပွဲတွင် CONCORDIA Co.,Ltd.က နောက်ဆုံးပေါ် အဆင့်မီ 4D System ဖြင့် မိခင်ဝမ်းဗိုက်အတွင်းမှ သန္ဓေသား၏ 3D ရုပ်လုံးကြွလှုပ်ရှားပုံတို့ကို တိုက်ရိုက် Screenဖြင့် ဆရာဝန်ရော မိခင်ပါလွယ်ကူစွာကြည့်ရှုနိုင်ပြီး CD ခွေဖြင့်ပါ သိမ်းဆည်းထားနိုင်သည့် တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်စက် (Ultrasound)များဖြစ်သော DC-7၊ အလွယ်တကူ သယ်ယူသွားနိုင်သည့် DP-1100 Plus (Portable Ultrasound) ပစ္စည်းများ၊ နှလုံးတိုင်းစက်များ၊ ဓာတ်ခွဲခန်းသုံးဓာတ်ခွဲစက်များ၊ Oxygen ပမာဏတိုင်းစက်များ၊ ဂျာမနီနိုင်ငံထုတ် သွေးပေါင်ချိန်တိုင်း ကိရိယာများ၊ သွေးချိုတိုင်းစက်များ၊ Complan ဖြည့်စွက်အာဟာရမှုန့် (New Zealand) များ ရောင်းချပေးသွားမည်ဖြစ်သည်။

ဈေးနှုန်းချိုသာ

ထို့ပြင် တိကျမှန်ကန်သော အရည်အသွေးမြင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးရည်များ၊ ဆေးရုံနှင့် ဆေးခန်းသုံး အရည်အသွေးမြင့် စက်ပစ္စည်းအမျိုးမျိုးတို့ကိုလည်း ဈေးနှုန်းချိုသာစွာ ရွေးချယ်ဝယ်ယူနိုင်သည်။

အထူးအစီအစဉ်အဖြစ် ဆေးခန်းငယ်များအတွက် (1) Mindray Ultrasound (2) ECG (3) Lab equipment ပစ္စည်း(၃)မျိုး တစ်ပြိုင်နက်တည်း ဝယ်ယူပါက Pluse Oximeter + Glucometer+Digital BP Cuff ပစ္စည်းသုံးမျိုးကို ဒီဇင်ဘာလအတွင်း လက်ဆောင်ပေးခြင်း၊ Promotion ကာလ ၃ရက်အတွင်း သွေးပေါင်ချိန်စက်၊ သွေးချိုတိုင်းစက် ပထမဆုံးဝယ်ယူသူ နှစ်ဦးအား ၃၀ရာခိုင်နှုန်း Discount လျှော့ချခြင်း၊ Medical Equipment များကို ၅ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းအထိ Discount လျှော့ချပေးခြင်းများကို ပြုလုပ်သွားမည်ဖြစ်ပြီး Medical Service Centre များ ထားရှိ၍တစ်နှစ်အတွင်း Service ဝန်ဆောင်မှုများကို အခမဲ့ပြုလုပ်ပေးသည်။

ဝယ်ယူနိုင်

အသေးစိတ် သိရှိလိုပါက ရန်ကုန် ၃-၅လွှာ ရွှေဂုံပလာဇာ (ရွှေဂုံတိုင်မီးပွိုင့်အနီး) ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-(၉၅၁) ၅၄၀၀၂၆၊ ၅၄၉၄၄၄၊ ၅၅၈၃၁၀၊ ၅၅၈၁၇၀၊Fax(၉၅၁)၅၄၄၁၉၉၊၅၄၄၈၂၄၊ e-mail; concordia@myanmar. com.mm ၊ မန္တလေး အမှတ်(၅) မြေညီထပ် SY Building ၇၇ × ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀-၆၇၁၇၂၊Fax-၀၂-၈၉၅၇၁၊ e-mail cilmdy@myanmar. com.mm၊ နေပြည်တော် အမှတ် - ၁၄၄ သီရိရတနာအဆင့်မြင့်ဈေး နေပြည်တော် ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၃၆၂တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

စာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနား နေပြည်တော်တပ်ကုန်း၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

နေပြည်တော်တပ်ကုန်း စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၅ရက်က ဗုဒ္ဓသာသနာပြု ဗိမာန်တွင်ကျင်းပရာ စာပေအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လှူဒါန်း

ရှေးဦးစွာ နေပြည်တော်တပ်ကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှ (ရွှေသင်းယုလွင်)က အဖွင့်အမှာစကားပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးတင်ထွန်းတာ (သတင်းထောက်တင်ထွန်းတာ)က အလှူငွေရရှိမှုနှင့်ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားသည်။ ဆက်လက်၍ အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးမြင့်လွင်(နဝရတ်စာပေ)၊ ဦးကျော်စိုးမိုး(ကောင်းခန့်စာပေ)၊ ဦးတင်ညီညီ(သရဝဏ်စာပေ)၊ ဦးမိုးကျော်(ကောင်းကင်ပြာစာပေ)၊ ဦးစောလင်းမြတ်(လင်းရောင်သစ်စာပေ)၊ ဦးဇော်ဝင်း(ကျော်ဇေယျာစုကြေး)၊ ဦးကြည်အောင်(စိန်ပဒေသာပွဲရုံ)၊ ဦးသိန်းလွင်(သိန်းတစ်ရာ ကုန်စုံဆိုင်)၊ ဦးနုဒေါ်ကျင်နု(NNN)ဆီစက်နှင့် ပွဲရုံလုပ်ငန်း၊ ဦးတင်ဝင်း(ပြည့်စုံဗီဒီယိုလုပ်ငန်း)၊ ဦးမြတ်ကို (ဝင်းအကျိုးဆောင်)ကငွေကျပ်တစ်သောင်းစီ လှူဒါန်းကြသည်။ **(အောက်ပုံ)**

ဟောပြော

အဆိုပါမြို့နယ်၌ စာဆိုတော်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် ညတွင် နေပြည်တော်တပ်ကုန်း ဗုဒ္ဓသာသနာပြု ဗိမာန်၌ ကျင်းပမည်ဖြစ်ပြီး စာရေးဆရာ မြင်းမူမောင်နိုင်မိုး၊ ဂျက် (ကွမ်းခြံကုန်း)နှင့် ကြူကြူသင်းတို့ ဟောပြောကြမည်ဖြစ်သည်။ **(၀၉၁)**

သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း၏ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးအစီအစဉ်အရ ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဒေါက်တာအောင်မြင့် (8th Batch) က Step-By-Step Clinical Guide for Perfect Porcelain Veneers ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာအေးမင်း(9th Batch)မှ Detection and Treatment of Longitudinal Tooth Fractures (Cracks) ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောမည်ဖြစ်ပါသောကြောင့် အသင်းသူ အသင်းသား များနှင့် စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာဆရာဝန်များ တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၇

ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်း အထက(၂) ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီတွင် အထက(၂)မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။

ပို့ဆောင်ပေးမည်

အာစရိယပူဇော်ပွဲ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် သွားလာရေးအတွက် ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီတွင် ဒလဆိပ်ကမ်းမှ ကားကြိုမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီတွင် ကွမ်းခြံကုန်းမြို့မှ ဒလသို့ ကားဖြင့် ပြန်လည်ပို့ဆောင်ပေးမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စက်မှုတော်လှန်ရေး၌ အရေးပါသူ ဂျိမ်းစ်ဝပ်

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ | (၁၉-၁-၁၇၃၆) - (၁၉-၈-၁၈၁၉) | တိုး ရေးသားသည်

စက်မှုတော်လှန်ရေး၌ အရေးပါသော အဆင့်တစ်ဆင့်ဖြစ်သည့် ရေနွေးငွေ့အင်ဂျင်ကို မွမ်းမံခဲ့သူဂျိမ်းစ်ဝပ်သည် စကော့လူမျိုး သင်္ချာပညာရှင်နှင့် အင်ဂျင်နီယာတစ်ဦးဖြစ်သည်။

ဂျိမ်းစ်ဝပ်

၁၇၅၄ခုနှစ်တွင် ဂလပ်ဂိုးသို့မပြန်မီ လန်ဒန်၌ စက်ယန္တရား ပြုလုပ်ရေးလုပ်ငန်းကို ဂျိမ်းစ်ဝပ်လေ့လာသည်။ ၁၇၆၃ခုနှစ်တွင် နယူးကိုမင်းရေနွေးငွေ့စက်ကို ပြင်ဆင်ပေးရာမှ စက်များကို မည်သို့ တိုးတက်ကောင်းမွန်အောင် ပြုလုပ်မည်ဟူသော နည်းလမ်းများကို ရှာကြံစပြုလာသည်။

ရေနွေးငွေ့စက်

ဂျိမ်းစ်ဝပ်သည် စကော့တလန်၌ ၁၇၆၅ခုနှစ်မှ ၁၇၇၀ပြည့်နှစ်အထိ နယူးကိုမင်း ရေနွေးငွေ့စက်များကို ထိုင်ပေးသည်။

၁၇၈၁ခုနှစ်တွင် ဂျိမ်းစ်ဝပ်သည် ဘာမင်ဟမ်အနီး ဆိုဟို၌ မက်သူးဘူတန်နှင့်တွဲဖက်ကာ လုပ်ငန်းစတင်ပြီး ဝပ်ရေနွေးငွေ့အင်ဂျင်များကို ထုတ်လုပ်သည်။

၁၇၈၁ခုနှစ်တွင် တိုးဆုတ်အင်ဂျင် လှုပ်ရှားမှုကို ပတ်လည်ရွေ့လျားမှုအဖြစ် ပြောင်းလဲပစ်ပြီး ၁၇၈၂ခုနှစ်တွင် နှစ်ချက်ထုတ် အင်ဂျင်စက်ကို တီထွင်သည်။

စတင်အသုံးပြု

ဂျိမ်းစ်ဝပ်သည် ၁၇၈၄ခုနှစ်တွင် ရေနွေးငွေ့စက်ခေါင်းကို မူပိုင်ပြုလုပ်သည်။ ၁၇၉၀ပြည့်နှစ်တွင် ရေနွေးငွေ့ဖိအားတိုင်း ဒိုင်ခွက်ကို စတင်အသုံးပြုသည်။

ဂျိမ်းစ်ဝပ်၏ရေနွေးငွေ့အင်ဂျင်ပုံစံမှာ ကန့်သတ်အသုံးပြုနိုင်သည့် စက်တစ်ခုကို ပိုမိုစွမ်းအားပြည့်ပြီး များပြားစွာအသုံးပြုနိုင်သည့် စက်အဖြစ်သို့ ပြောင်းလဲပစ်နိုင်ခြင်းဖြစ်သည်။

သူ့ကိုဂုဏ်ပြုသောအားဖြင့် စကော့တလန်၌ သူ့အမည်ပေါက် ကောလိပ်ကျောင်းလေးကျောင်းရှိသည်။ ဗြိတိန်တစ်နိုင်ငံလုံးတွင် သူ့အမည်ဖြင့် မှည့်ခေါ်ထားသည့် လမ်းပေါင်း ၅၀ကျော်ရှိသည်။ ။

ကိုးကား - အင်တာနက်

နေထိုင်

ဂျိမ်းစ်ဝပ်ကို စကော့တလန်ပြည်နယ် ဂရင်းကော့၌ ၁၇၃၆ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် မွေးဖွားသည်။ သူသည် ဘာမင်ဟမ်တွင် နေထိုင်အလုပ်လုပ်ကိုင်သည်။ ဘာမင်ဟမ် ဗဟိုစာကြည့်တိုက်တွင် ယခုအခါ သူ့စာတမ်းအများအပြားကို တွေ့ရှိနိုင်သည်။

ဘာမင်ဟမ် ဗဟိုစာကြည့်တိုက်တွင် ယခုအခါ သူ့စာတမ်း အများအပြားကို တွေ့ရှိနိုင်။

ဘဝအမောပြေ

မကွာပါဘူး . . .

စကားမပြော၊ မပြုံးမရယ်နှင့် တစ်ချိန်လုံး ငေးငူနေသည့် စိတ်ရောဂါဝေဒနာရှင် အမျိုးသားတစ်ဦးအား ဆရာဝန်ထံခေါ်၍ပြသရာ စိတ်ဝေဒနာရှင်က ရယ်မောလေသည်။

ဆရာဝန် ။ ။ ဘာဖြစ်လို့ရယ်နေတာလဲ။

စိတ်ဝေဒနာရှင် ။ ။ ဟား ဟား ဟား ...

ဆရာဝန် ။ ။ ဒီမှာ... ခင်ဗျားရယ်တာ ခဏရပ်လိုက်ပါဦး။ မေးစရာရှိလို့ပါ။

စိတ်ဝေဒနာရှင် ။ ။ ဟား ဟား ဟား ...

ဆရာဝန် ။ ။ ဒီမှာ... ခင်ဗျားရယ်နေတာ အခုချက်ချင်း ရပ်လိုက်ပါ။

စိတ်ဝေဒနာရှင် ။ ။ ဟုတ်ကဲ့၊ မရယ်တော့ပါဘူး။

ဆရာဝန် ။ ။ ကဲ...ပြော။ ဘာတွေသဘောကျလို့ ဒီလောက်တောင် ရယ်နေရတာလဲ။

စိတ်ဝေဒနာရှင် ။ ။ ဩော်...ဒီလိုပါ သူတို့က ဆရာဝန်ဆီ ကျွန်တော့်ကို ပြဖို့ ခေါ်လာတာလို့ပြောတယ်။

ဆရာဝန် ။ ။ အဲဒီတော့...

စိတ်ဝေဒနာရှင် ။ ။ သူတို့ညာတာ ကျွန်တော်သိလို့ပါ။

ဆရာဝန် ။ ။ ဘာတွေညာလို့လဲ။

စိတ်ဝေဒနာရှင် ။ ။ ခင်ဗျားက ကျွန်တော်နဲ့ဘာမှမကွာဘူး။ အတူတူပဲ ဖြစ်နေတယ်လေ... ဟား ဟား ဟား...

ဆရာဝန် ။ ။ 'ဗျာ'

ဘဝဒဿန

❒ ***Watch the man ahead of you and you'll learn why he is ahead. Then emulate him.***

သင့်ရှေ့မှာအောင်မြင်နေသောသူကိုကြည့်ပြီး သူဘာကြောင့် ရှေ့ရောက်ရခြင်းကို အတုယူပါ။ ပြီးတော့ သူ့ထက်သာအောင် ကြိုးစားပါ။

(နပိုလီယံဟီးလ်)

ဒီဇိုင်းပုံစံ အထူးခြားဆုံးအဆောက်အအုံများ

ဒီဇိုင်းပုံစံ အထူးခြားဆုံးအဆောက်အအုံများ

ဒီဇိုင်းပုံစံ အထူးခြားဆုံးအဆောက်အအုံများ

မောင်မောင်မြင့်ဆွေ စုစည်းသည်
စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ဘာစီလိုနာမြို့မှ ကာဆာမီလာအဆောက်အအုံ

စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ တည်ဆောက်ထားသည့် အဆောက်အအုံဖြစ်သည်။ ၁၉၀၆ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၁၂ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည်။ ဒီဇိုင်းပညာရှင်လာပက်ရီရာက ပုံစံထုတ်ပေးခဲ့ပြီး ဗိသုကာပညာရှင် အင်တိုနီဂွါဒီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါပိုင်ရှင်မှာ ဆီဆာကာတာလွန်ယာဖြစ်ပြီး ယူနက်စကိုမှ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် အဆောက်အအုံဖြစ်သည်။ (အောက်ပုံ) (အင်တာနက်)

အမေရိကန်မှ စတာတာစင်တာ

အမေရိကန်နိုင်ငံ ကိမ်းဘရစ်ချ်မြို့၌ တည်ဆောက်ထားသည်။ အကျယ်အဝန်း စတုရန်းပေ ၇၂၀၀၀ရှိပြီး ဂျီတာဝါနှင့်ဒီတာဝါအမည်ရှိ အဆောက်အအုံနှစ်လုံးပါရှိသည်။ ဒီဇိုင်းပညာရှင်ဖရင့်ဂက်ရီက ပုံစံထုတ်ပေးထားခြင်းဖြစ်သည်။

၂၀၀၄ခုနှစ် မတ် ၁၆ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံတွင် ကွန်ပျူတာသိပ္ပံ၊ အနုပညာဆိုင်ရာ လက်တွေ့ခန်းမ၊ သတင်းပြန်ကြားရေးဆိုင်ရာ လက်တွေ့ခန်းမများပါဝင်သည်။ ကမ္ဘာပေါ်တွင် ဒီဇိုင်းထူးခြားသော အဆောက်အအုံတစ်လုံး **(အပေါ်ပုံ)**အဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ **(အင်တာနက်)**

တူရာနင်းတော်ဆို အဆောက်အအုံ

ဆွီဒင်နိုင်ငံမာလ်မိုမြို့၌ တည်ဆောက်ထားသည့် မိုးပျံအဆောက်အအုံဖြစ်သည်။ (ယာပုံ)ဒီဇိုင်းပညာရှင် ကာလာထရာဗာက ပုံစံထုတ်ပေးထားခြင်းဖြစ်သည်။ အထပ်ပေါင်း ၅၄ထပ်ရှိပြီး အမြင့် ၆၂၃ပေရှိသည်။ လိမ်ပတ်ကွေ့ကောက်နေသည့် ဒီဇိုင်းပုံစံ အဆောက်အအုံဖြစ်ပြီး ကမ္ဘာပေါ်တွင် ဒီဇိုင်းအထူးခြားဆုံး အဆောက်အအုံတစ်လုံးအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။

(အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၇

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။